# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဌ်မြုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ တနင်္လာနေ့။ Monday, 10 February 2025 ၁၁၇၂၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသူများ၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၉

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ (MICC-1)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ


**နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုတို့က ဒေသထွက်ကုန်ကြမ်းတွေကနေ ထုတ်လုပ်ခင်းကျင်းရောင်းချထားတဲ့ MSME ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ဝယ်ယူအားပေးနိုင်တဲ့အခွင့်အလမ်းကို ရရှိမှာဖြစ်ပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၇

**EJU စာမေးပွဲ ရန်ကုန်မြို့၌ ကျင်းပမည်**

စာမျက်နှာ » ၁၈

ကြေးမုံ

# စစ်မှုထမ်းခြင်းဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းခြင်းနှင့် နိုင်ငံသားများ ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ စနစ်တကျလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ သို့သော် ကလေးသူငယ်များနှင့်ပတ်သက်၍ ပြည်ပမှ ဖိအားအမျိုးမျိုးပေးလျက်ရှိသလို ပြည်သူ့စစ်မှုထမ်းခြင်းနှင့်ပတ်သက်၍လည်း ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်လှုံ့ဆော်သူများက အမျိုးမျိုးသွေးထိုးလှုံ့ဆော်လျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းကိစ္စနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များ၊ စုံစမ်းမေးမြန်းနိုင်သည့်ဌာနများ၊ မသမာမှုများနှင့်ပတ်သက်ပြီး တိကျစွာဆက်သွယ်သတင်းပေးပို့နိုင်မှုများနှင့် မမှန်သတင်းများပေးပို့ခြင်း၊ တိုင်ကြားခြင်းများရှိပါက ဖော်ထုတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အသိပေးထုတ်ပြန်ထားပြီးဖြစ်သည်။ သတင်းပေးတိုင်ကြား မသမာမှုများနှင့်ပတ်သက်၍ အရေးယူခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ လတ်တလောတွင် နိုင်ငံသူ အမျိုးသမီးများနှင့်ပတ်သက်၍ လှုံ့ဆော်ခြိမ်းခြောက်မှုများရှိလာသည်။ ယင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေတွင် အမျိုးသမီးများစစ်မှုထမ်းရန် အကျုံးဝင်သော်လည်း အမျိုးသမီးပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ရေးအစီအစဉ်မရှိသေးကြောင်း တရားဝင်ပြောကြားထားသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များနှင့်ပတ်သက်၍ တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှုမရှိစေရေး၊ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ်လူငယ်များကို လက်ခံမှုမရှိစေရေးနှင့် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့်စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးရေးကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် CTFMR အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၅၉၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရနှင့် CTFMR တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစီမံချက်ကို လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ပူးပေါင်းပြီး မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။ တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် ကော်မတီနှင့် CTFMR တို့ သဘောတူပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း အလေးထားစုဆောင်းလျက်ရှိသည်။

၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုလည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အဆိုပါနည်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မပြည့်သူများ မပါရှိစေရေးအတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့အသီးသီးက စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ခဲ့သည့်နေ့မှ ယနေ့အချိန်အထိ ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ်(၁)မှ (၉)အထိ ဖွင့်လှစ်ခဲ့သည်။ သင်တန်းအမှတ်စဉ်(၁)မှ (၇) အထိ သင်တန်းများဆင်းခဲ့ပြီး သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့များတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်လျက်ရှိသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး စစ်မှုထမ်းဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာဖြင့် ထမ်းဆောင်လျက်ရှိကြပြီး နိုင်ငံသားများ၏အခွင့်အရေးများ မဆုံးရှုံးစေရန်အတွက်လည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

### ၉ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း**မှာ ငွေကျပ် ၅၄၈၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

### အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂-၂-၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေနှင့် ဦးတင်ဦးလွင်တို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာတွင်ငြိမ်းချမ်းရေးရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကြီးအနေဖြင့် ယခုကဲ့သို့မြန်မာနိုင်ငံသို့ ကိုယ်တိုင် လာရောက်ခဲ့မှုအတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှု ခေါင်းဆောင်နှင့်ငြိမ်းချမ်းရေးသံတမန်ကြီးက မြန်မာနိုင်ငံသို့လာရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးနိုင်ရန် အတွက် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှု အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှ စတင်၍ ယနေ့ အချိန်အထိ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ပြည်ပမှသွေးခွဲမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့မှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ၂၀၁၁ ခုနှစ်မှစတင်၍ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များပေါ်ပေါက်လာမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးအနေဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံများ၌ ငြိမ်းချမ်းရေးရရှိရန်အတွက် ကြားဝင်စေ့စပ် ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မှု အခြေအနေများနှင့် မြန်မာနိုင်ငံအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ထူးဆောင်ခန်းမအတွင်းရှိ သရုပ်ဖော်ပန်းချီများအား လိုက်လံပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ထူးဆောင်ခန်းမအတွင်းရှိ သရုပ်ဖော်ပန်းချီများ လိုက်လံပြသစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ စာပေနှင့် သတင်းနယ်ပယ်များမှ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမ အဝင်လှျောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်း ဓာတ်ပုံများပြသထားရှိမှုကို ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကို စိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "တိုးတက်အောင်မြင် မြန်မာ့ရုပ်ရှင်" တေးသီချင်းကို သရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် "ကြည်လင်သန့်စင် စီးမျောသက်ဝင် မြန်မာ့ရုပ်ရှင်" မှတ်တမ်း Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ၁၉၅၂ ခုနှစ်မှ စတင်ချီးမြှင့်လာခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားများသည် ယနေ့ဆိုပါက (၆၆)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် အနုပညာရှင်များ၏ စုစည်းမှု၊ အေးချမ်းပျော်ရွှင်မှုများကို (၆၆)ကြိမ်မြောက် ဝေမျှဖော်ကျူးပေးနိုင်သည့် မင်္ဂလာအခမ်းအနားပင် ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ခေတ်ဦးကို ပြန်ကြည့်ပါက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး အောင်မြင် တိုးတက်ခဲ့သည့် ဂုဏ်ယူဖွယ် သမိုင်းအထောက်အထားများနှင့် ဖြတ်သန်းလာခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ၁၉၂၀ ပြည့်နှစ် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းက ပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုဆိုပါက နှစ်ပေါင်း ၁၀၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုကဲ့သို့ နှစ် ၁၀၀ ကျော်ကာလ သမိုင်းမှတ်တမ်းများနှင့် လှုပ်ရှားသက်ဝင်နေသည့် မြန်မာ့ရုပ်ရှင်သည် ခေတ်စနစ်အမျိုးမျိုးကြား၌ ပြည်သူများကို အပန်းဖြေပျော်ရွှင်စေပြီး ရသမျိုးစုံကို မျှဝေပေးနိုင်ခဲ့ရုံသာမက နိုင်ငံတော်၏ အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြ အကျိုးပြုနိုင်ခဲ့သည့်အတွက် နိုင်ငံနှင့်ပြည်သူအပေါ် တာဝန်ကျေခဲ့သည်ဟု ပြောရမည် ဖြစ်ကြောင်း။

**စာမျက်နှာ ၅ သို့ ☆**



## ဖွင့်လှစ်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကိုစိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ကျောက်စိမ်းခန်းမအဝင်လှျောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများပြသထားရှိမှုကို ကြည့်ရှုစဉ်။

☆ စာမျက်နှာ ၄ မှ

ရုပ်ရှင်အပါအဝင် အနုပညာရှင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် တိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်ကို တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်ရေး၊ ဝံသာနုရက္ခိတတရား ထွန်းကားရေး၊ ဇာတိသွေး ဇာတိမာန်တက်ကြွရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် မိမိတို့တတ်စွမ်းထားသည့်အနုပညာနှင့်စည်းရုံးလှုံ့ဆော်ပေးခဲ့ကြကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ကာလတွင်လည်း ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသည့် မင်းသားကြီး ကြည်စိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသည့် အကယ်ဒမီ ဒါရိုက်တာမောင်နှင်းမိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။

### တိုက်တွန်းမှာကြား

ယင်းတို့သည် နိုင်ငံအတွက် အကျိုးပြုခဲ့သည့် သမိုင်းအစဉ်အလာကောင်း မှတ်တမ်းမော်ကွန်းများပင်ဖြစ်ကြောင်း၊ ယနေ့အခြေအနေတွင် ထိုကဲ့သို့အကျိုးပြုခဲ့သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းတရားများအနက် ယဉ်ကျေးမှုကဏ္ဍသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်ကြပြီး မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ် စုံစုံလင်လင် ရှင်သန်တည်ရှိနေကြကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်နှင့် ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်ဟူသည့် နယ်ပယ်နှစ်ခုနှင့် ခွဲခြားသိမြင်ထားကြကြောင်း၊ ခြုံ၍ အဓိပ္ပာယ်ဖွင့်ရမည်ဆိုပါက ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဟူသည်မှာ လူမျိုးတစ်မျိုး၏ ပြောဆိုသည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးစံများ၊ လက်မှုအနုပညာနှင့် အနုသုခုမပညာများကို ပေါင်းခြုံထားသည့် ယဉ်ကျေးမှုပင်ဖြစ်ပြီး ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်သည် လူမျိုးတစ်မျိုး၏ ပြုလုပ်သုံးစွဲခဲ့သည့် ကိုင်တွယ်ထိတွေ့၍ရသည့် ပစ္စည်းအားလုံးဟု မှတ်ယူရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသည့် ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသည့် ထပ်ဆင့်အကယ်ဒမီ ခင်သန်းနုအား ဆုပေးအပ်ချီးမြှင့်စဉ်။

### စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်

(၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ညီလာခံတွင် မိမိတို့နိုင်ငံ၏ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း၊ ဆက်လက်၍လည်း မြန်မာ့သနပ်ခါးကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ယူနက်စကိုကို တင်ပြရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့၏ တန်ဖိုးရှိသည့် ရှိပြီးသား အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို လူသားအားလုံးနှင့်သက်ဆိုင်သည့် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် သမိုင်းမှတ်တမ်းထားရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အောင်မြင်မှုရရှိစေရေးအတွက်လည်း မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်ပေးကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

စာမျက်နှာ ၆ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

☆ **စာမျက်နှာ ၅ မှ**

တစ်ဆက်တည်း ပြောကြားလိုသည်မှာ အနုပညာတစ်ရပ်က ဆင့်ပွားပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာသည် အင်မတန်အရေးပါ အရာရောက်ကြောင်း၊ အနုပညာ၊ အတတ်ပညာနှင့် နည်းပညာများ ပေါင်းစပ်ပါဝင်နေသည့် ရုပ်ရှင်သည် ပြည်သူလူထု၏ ရင်ထဲနှလုံးသားထဲကို ညင်ညင်သာသာနှင့် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်သည့် သက်ရောက်မှု ကြီးမားသည့် မီဒီယာ Soft Power တစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် ရုပ်ရှင်အနုပညာနှင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် ရုပ်ရှင်ထုတ်လုပ်သူများ၊ အတတ်ပညာရှင်များ၊ သရုပ်ဆောင်များအားလုံး၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသည်ဟု ပြောကြားလိုကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခု ဖြစ်ပေါ်လာရေးသည် တစ်ဦးတစ်ယောက်တည်း၏ လုပ်ဆောင်မှုဖြင့် မရကြောင်း၊ ဇာတ်ပို့၊ ဇာတ်ဆောင်၊ သရုပ်ဆောင်အမျိုးမျိုး၊ ဝတ္ထု၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ အသံ၊ ဓာတ်ပုံ၊ တေးဂီတ၊ မီးအလင်းအမှောင်၊ အထူးပြုလုပ်သူ၊ မိတ်ကပ်ကအစ နောက်ဆုံးဒါရိုက်တာ၏ အဓိကဦးဆောင်မှုဖြင့် စုပေါင်းညီညာမှသာ ဖြစ်လာခြင်းဖြစ်ပြီး စုပေါင်းအားကိုပေါ်လွင်နေကြောင်း၊ တစ်ဦးချင်း မည်မျှကောင်းသည်ဖြစ်စေ စုပေါင်းအား မပါပါက ဇာတ်ကားကောင်းတစ်ခု ဖြစ်မလာနိုင်ကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုသည် ကြည့်ရှုသူကို ရင်ထဲစွဲကျန်စေသည်၊ ရိုက်ခတ်စေသည်၊ တသသဖြစ်စေသည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့ခေတ်ကာလတွင် ပြသခဲ့သည့် ဘယ်သူပြိုင်လို့ လုပါတော့နိုင်၊ မှုံရွှေရည်၊ သကြံ်နှမိုးတို့ကဲ့သို့ ဇာတ်ကားမျိုးသည် မည်သည့်အချိန် ပြန်ကြည့်ရသည်ဖြစ်စေ မရိုးနိုင်အောင် စွဲမြဲနေသည့် ဇာတ်ကားမျိုး၊ အတုယူဖွယ်ရာ ဇာတ်ကားမျိုး၊ တသသဖြစ်နေရသည့် ဇာတ်ကားမျိုးများဖြစ်ကြောင်း၊ အခြားဇာတ်ကားကောင်းများစွာလည်း ရှိကြကြောင်း၊ ထိုကဲ့သို့ ပြည်သူ့ရင်ထဲစွဲမြဲပြီး အကျိုးပြုစေမည့် ဇာတ်ကားမျိုး ဖန်တီးပေးကြ စေလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် လူမျိုးကို နိုင်ငံတကာက ပိုမိုသိရှိလာအောင်၊ ရင်းနှီးခင်မင်လာအောင်၊ အနုပညာနည်းလမ်းနှင့် ဖြန့်ဝေပေးနိုင်အောင်၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆများ မှန်ကန်လာစေရေးနှင့် နိုင်ငံအကျိုးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင်နှိုးဆော်တိုက်တွန်းရာတွင် ထိရောက်သည့် အနုပညာ စွမ်းပကားဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း။

အားလုံးသိကြသည့် အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် **"ရွှေသို့ချီမည့် ပန်းတိုင်ဆီ"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးကို ရှေးရှုပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် **ဒို့တာဝန် အရေးသုံးပါး**သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေး ရည်မှန်းချက်၊ အမျိုးသားရေး တာဝန်ဖြစ်သည်ကို နိုင်ငံသားအားလုံးက နားလည်လက်ခံကြရန် အထူးပင်လိုအပ်ကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန် အရေးသုံးပါးကို အရင်းမူလထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံသားအားလုံးက **စာမျက်နှာ ၇ သို့** ☆



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ရရှိကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆု ရရှိသည့် အကယ်ဒမီများရှင် ရန်အောင် ဆုလက်ခံရယူစဉ်။



အကောင်းဆုံး အမျိုးသမီးဝတ်စားဆင်ယင်မှု အကြီးတန်းဆု ရရှိသည့် အကယ်ဒမီစိုးမိုးကြည် ဆုလက်ခံရယူစဉ်။

- ❖ **အနုပညာတစ်ရပ်က ဆင့်ပွားပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာသည် အင်မတန် အရေးပါအရာရောက်**
- ❖ **အနုပညာ၊ အတတ်ပညာနှင့် နည်းပညာများ ပေါင်းစပ်ပါဝင်နေသည့် ရုပ်ရှင်သည် ပြည်သူလူထု၏ ရင်ထဲနှလုံးသားထဲကို ညင်ညင်သာသာနှင့် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်သည့် သက်ရောက်မှု ကြီးမားသည့် မီဒီယာ** Soft Power **တစ်ခုဖြစ်**



အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှုဆု ရရှိသည့် ထက်အောင်ရှိုင်း ဆုလက်ခံရယူစဉ်။



အကောင်းဆုံး အမျိုးသမီးဝတ်စားဆင်ယင်မှုဆု ရရှိသည့် နန်းဆုရတီစိုး ဆုလက်ခံရယူစဉ်။

☆ စာမျက်နှာ ၆ မှ
မြန်မာစိတ်မွေးပြီး **“ငါတို့အားလုံးက မြန်မာ (We are Myanmar)”** ဟူ သည့်စိတ်၊ တစ်သွေးတစ်သား တည်းဟူသည့် စည်းလုံးညီညွတ်သည့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွလက်တွဲ အကောင်အထည်ဖော်ပေးကြရန် လိုအပ်ကြောင်း။

**အနုပညာဖန်တီးမှုများကို ဖော်ဆောင်**

ယင်းနေရာတွင် သတိပြုရမည့် အချက်အနေဖြင့် ဘာသာရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုပျက်ပြားစေပြီး လူငယ်လူရွယ်များကို အတွေးအခေါ် အယူအဆ မှားယွင်းအောင်၊ စိတ်ဓာတ်များဆုတ်ယုတ် ပျက်ပြားလာအောင် လူမှုကွန်ရက်များနှင့် ကျင့်ဝတ်မဲ့ မီဒီယာများကတစ်ဆင့် လုပ်ဆောင် နေမှုများပင်ဖြစ်ကြောင်း၊ ယင်းတို့သည် နိုင်ငံအကျိုးပျက်စီးစေမည့် ကြံဆောင်မှုများဖြစ်သဖြင့် လျော့နည်းပပျောက်အောင် ကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ **ရုပ်ရှင်သည် ပြည်သူ့အတွက်** ဆိုသည့်အတိုင်း ရုပ်ရှင်အနုပညာရှင်များကလည်း နိုင်ငံနှင့်လူမျိုး ကောင်းရာကောင်းကျိုးဖော်ဆောင်နိုင်မည့် နိုင်ငံ့အကျိုးပြု အနုပညာဖန်တီးမှုများကို ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်အတွက် အရေးကြီးသောကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME ကဏ္ဍ တိုးတက်အောင် တိုက်တွန်းအားပေး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင်လုပ်ကြရမည် ဖြစ်ကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုများကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးက ရွှေသီးမည်ဖြစ်ကြောင်း၊ လတ်တလော၌ပင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲများကို နေပြည်တော် တပေါင်းကွင်းတွင် ယခုလ ၁၀ ရက်မှ ၁၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရည်မှန်းချက်များ အောင်မြင်စေရေး အနုပညာရှင်များ၏ ပူးပေါင်းပါဝင်မှု အခန်းကဏ္ဍက ပိုမိုထိရောက်စေနိုင်သည်ဖြစ်သဖြင့် အနုပညာနယ်ပယ်အသီးသီးက တစ်ဖက်တစ်လမ်းကပေါင်းစပ်ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြား လိုကြောင်း၊ ထူးချွန်သည့် အနုပညာရှင်လူငယ်များ ပေါ်ထွန်းလာခြင်းကိုလည်း ကြိုဆိုကြောင်း၊ လူငယ်များသည် အနာဂတ်အတွက်ဖြစ်ကြောင်း။ **စာမျက်နှာ ၈ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နှောင်ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိသည့် အကယ်ဒမီ နေတိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



တိမ်ပန်းချီဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသည့် အကယ်ဒမီဝတ်မှုံရွှေရည် ဆုလက်ခံရယူစဉ်။



မီးဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆုရရှိသည့် အေးချမ်းမောင် ဆုလက်ခံရယူစဉ်။



ဘိုးတော်ကင်းဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုရရှိသည့် ခြူးလေး ဆုလက်ခံရယူစဉ်။

- ☆ **သတိပြုရမည့်အချက်အနေဖြင့် ဘာသာရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုပျက်ပြားစေပြီး လူငယ်လူရွယ်များကို အတွေးအခေါ်အယူအဆ မှားယွင်းအောင်၊ စိတ်ဓာတ်များ ဆုတ်ယုတ်ပျက်ပြားလာအောင် လူမှုကွန်ရက်များနှင့် ကျင့်ဝတ်မဲ့မီဒီယာများကတစ်ဆင့် လုပ်ဆောင်နေမှုများပင်ဖြစ်**
- ☆ **ယင်းတို့သည် နိုင်ငံအကျိုးပျက်စီးစေမည့် ကြံဆောင်မှုများဖြစ်သဖြင့် လျော့နည်းပပျောက်အောင် ကာကွယ်စောင့်ရှောက်ကြရန်လိုအပ်**
- ☆ **ရုပ်ရှင်သည် ပြည်သူ့အတွက်ဆိုသည့်အတိုင်း ရုပ်ရှင်အနုပညာရှင်များကလည်း နိုင်ငံနှင့်လူမျိုး ကောင်းရာကောင်းကျိုးဖော်ဆောင်နိုင်မည့် နိုင်ငံ့အကျိုးပြု အနုပညာဖန်တီးမှုများကိုဖော်ဆောင်ပေး**



ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုရရှိသည့် ကောင်းဇံ ဆုလက်ခံရယူစဉ်။



အိပ်မက်ကာရန်ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် တေးဂီတ ဆုရရှိသည့် အကယ်ဒမီ မိရာမိုရ် ဆုလက်ခံရယူစဉ်။



မီးဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် အသံဆုရရှိသည့် အောင်မျိုးမြတ်နှင့် ရဲဝင်း ဆုလက်ခံရယူစဉ်။



နှောင်ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆုရရှိသည့် အာကာကျော် ဆုလက်ခံရယူစဉ်။



တိမ်ပန်းချီဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းဆုရရှိသည့် အေးသီရိကို ဆုလက်ခံရယူစဉ်။



ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရရှိသည့် Taurus V production မှ တာဝန်ရှိသူများ ဆုလက်ခံရယူစဉ်။

☆ စာမျက်နှာ ၇ မှ

မိမိအနေဖြင့် နှစ်စဉ်တိုက်တွန်းပြောကြားခဲ့သည့် စကားတစ်ခွန်းကို ယခုနှစ်တွင်လည်း ပြန်လည်တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် နယ်ပယ်ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကူညီပံ့ပိုးမှုများကို တတ်နိုင်သမျှ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း အားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုနှစ်အတွက် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများကို ဆက်လက် အောင်မြင်တိုးတက်စေရေးအတွက် အင်အားများပိုမိုရရှိစေပြီး မိမိတို့၏အနုပညာအလုပ်များကို ပိုမိုအားထုတ်ကြိုးပမ်းသွားကြမည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏ အနုပညာစွမ်းပကားများကိုမြှင့်တင်ပြီး ထူးချွန်ဆုများရရှိအောင် ကြိုးစားကြရန်တိုက်တွန်းလိုကြောင်း၊ အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များ မမှေးမှိန်၊ မပျောက်ပျက်စေရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက် လွှမ်းမိုးလာမှုကို ကာကွယ် တားဆီးပေးကြရန်၊ မိမိတို့ယဉ်ကျေးမှုများကို အရိုးပေါ်အရွက်မဖုံးစေရန်နှင့် ပြောင်းလဲလာနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာ လိုက်ပါပြီး နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိတို့တတ်ကျွမ်းသည့် အနုပညာကို အခြေတည်ပြီး အမျိုးသားရေး စိတ်ဓာတ်ဖြင့် အကျိုးရှိအောင် ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပါဝင်ကူညီပေးကြသည့် ရွှေကြိုမောင်/မယ်များကို တစ်ဦးချင်း မိတ်ဆက်ပေးပြီး အနုပညာရှင်များက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ဂုဏ်ပြုသည့် အနေဖြင့် “သင်္ကြန်ပွဲဆင် တို့ရုပ်ရှင်” အစီအစဉ်ဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် တစ်သက်တာဆု ရရှိကြသူများကို ဖွင့်ဖောက်ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ရုပ်ရှင်လောကသားအားလုံးက လှိုက်လှဲဂုဏ်ယူစွာ ချီးမြှင့်သည့် ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆု ရရှိကြသော မင်းသားကြီး ဦးကြည်စိုး၊ အကယ်ဒမီ ဒါရိုက်တာ မောင်နှင်းမိုး၊ ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ၊ ထပ်ဆင့်အကယ်ဒမီ ခင်သန်းနုတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။ စာမျက်နှာ ၉ သို့ ☆

✧ **အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များ မမှေးမှိန်၊ မပျောက်ပျက်စေရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက် လွှမ်းမိုးလာမှုကို ကာကွယ်တားဆီးပေးကြရန်၊ မိမိတို့ယဉ်ကျေးမှုများကို အရိုးပေါ်အရွက်မဖုံးစေရန်နှင့် ပြောင်းလဲလာနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာ လိုက်ပါပြီး နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိတို့ တတ်ကျွမ်းသည့် အနုပညာကို အခြေတည်ပြီး အမျိုးသားရေး စိတ်ဓာတ်ဖြင့် အကျိုးရှိအောင် ဖော်ဆောင်ပေး**



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်း ဝမ်းမြောက်စကားပြောကြားစဉ်။



နှောင်ဇာတ်ကားဖြင့် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် အထူးဆု ရရှိသည့် မိတ်ကပ်ပညာရှင် လုံလုံ(လက်ာဒီပ) ဆုလက်ခံရယူစဉ်။



အိပ်မက်ကာရန်ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာ ဆုရရှိသည့် အကယ်ဒမီ ဝင်းလွင်ထက် ဆုလက်ခံရယူစဉ်။

☆ စာမျက်နှာ ၈ မှ

ယင်းနောက် ရုပ်ရှင်တစ်သက်တာထူးချွန်ဆု ရရှိကြသည့် အနုပညာရှင်များက ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကို ဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ခါတ်ပုံဆုကို "ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်"ဇာတ်ကားဖြင့် ကောင်းဇံ၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို "အိပ်မက်ကာရန်" ဇာတ်ကားဖြင့် အကယ်ဒမီ မိရာမိုရ်၊ အကောင်းဆုံး ရုပ်ရှင်အသံဆုကို "မီး" ဇာတ်ကားဖြင့် အောင်မျိုးမြတ်နှင့် ရဲဝင်း၊ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုကို "နှောင်" ဇာတ်ကားဖြင့် အာကာကျော်၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို "တိမ်ပန်းချီ" ဇာတ်ကားဖြင့် အေးသီရိကို၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို "ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်" ဇာတ်ကားဖြင့် Taurus V production၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် အထူးဆုအဖြစ် "နှောင်" ဇာတ်ကားဖြင့် မိတ်ကပ်ပညာရှင် လုံလုံ (လက်ာဒီပ) တို့က ရရှိကြသည်။

ထူးချွန်ဆု ရရှိကြသူများကို ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သောအကောင်းဆုံးဝတ်စားဆင်ယင်မှုဆုများ (Myanmar Academy Fashion Awards)ကို ပေးအပ်ချီးမြှင့်ရာ အကောင်းဆုံး အမျိုးသား ဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီများရှင် ရန်အောင်၊ အကောင်းဆုံး အမျိုးသမီး ဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီ စိုးမိုးကြည်၊ အကောင်းဆုံး အမျိုးသား ဝတ်စားဆင်ယင်မှုဆုကို ထက်အောင်ရှိန်း၊ အကောင်းဆုံး အမျိုးသမီး ဝတ်စားဆင်ယင်မှုဆုကို နန်းဆုရတီစိုး တို့ကရရှိကြပြီး အကယ်ဒမီများရှင်ဆွေဇင်ထိုက်က ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကို ဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို "အိပ်မက်ကာရန်" ဇာတ်ကားဖြင့် အကယ်ဒမီ ဝင်းလွင်ထက်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို "ဘိုးတော်ကင်း" ဇာတ်ကားဖြင့် ချြူလေး၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို "မီး" ဇာတ်ကားဖြင့် အေးချမ်းမောင်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို "တိမ်ပန်းချီ" ဇာတ်ကားဖြင့် အကယ်ဒမီ ဝတ်မှုံရွှေရည်၊ အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို "နှောင်" ဇာတ်ကားဖြင့် အကယ်ဒမီနေတိုးတို့က ရရှိကြသည်။

ထူးချွန်ဆု ရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီ ရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပစဉ်အတွင်း အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် အလှည့်ကျဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့သည် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများ နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည် အခုဆိုလျှင် နှစ်ပေါင်း (၁၀၅) နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြင့်မားရေးကို ရေးရှု၍ ၁၉၅၂ ခုနှစ်မှ စတင်ပြီး မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်လောကသား ထူးချွန်ထက်မြက်သည့် အနုပညာရှင် အတတ်ပညာရှင်များကို ရွေးချယ်ကာ ထူးချွန်ဆု ချီးမြှင့်ခဲ့သည်မှာ ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲသည် (၇၃) နှစ်အတွင်းတွင် (၆၆) ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

## ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် တစ်သက်တာထူးချွန်ဆုရရှိသူများ

| စဉ် | ဆုရရှိသူ |
|---|---|
| ၁။ | မင်းသားကြီး ကြည်စိုး |
| ၂။ | ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ |
| ၃။ | အကယ်ဒမီ ဒါရိုက်တာ မောင်နှင်းမိုး |
| ၄။ | ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု |

## ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ | ဇာတ်ကားအမည် |
|---|---|---|---|
| ၁။ | အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု | ကောင်းဇံ | ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် |
| ၂။ | အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု | မိရာမိုရ် | အိပ်မက်ကာရန် |
| ၃။ | အကောင်းဆုံး ရုပ်ရှင်အသံဆု | အောင်မျိုးမြတ်/ရဲဝင်း | မီး |
| ၄။ | အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု | အာကာကျော် | နှောင် |
| ၅။ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု | အေးသီရိကို | တိမ်ပန်းချီ |
| ၆။ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု | Taurus V ရုပ်ရှင်ထုတ်လုပ်ရေး | ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် |
| ၇။ | မိတ်ကပ် အထူးဆု | လုံလုံ(လက်ာဒီပ) | နှောင် |
| ၈။ | အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု | ဝင်းလွင်ထက် | အိပ်မက်ကာရန် |
| ၉။ | အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု | ချြူလေး | ဘိုးတော်ကင်း |
| ၁၀။ | အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု | အေးချမ်းမောင် | မီး |
| ၁၁။ | အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု | ဝတ်မှုံရွှေရည် | တိမ်ပန်းချီ |
| ၁၂။ | အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု | နေတိုး | နှောင် |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာ ထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီး Gurudev Sri Sri Ravi Shankar တို့က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဂုရုကြီး၏ နိုင်ငံတကာပဋိပက္ခများတွင် ညှိနှိုင်းပေးခဲ့သည့် ငြိမ်းချမ်းရေးအတွေ့အကြုံများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အဓိကအရေးကြီးသည့် ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာကိစ္စများ၊ ပဋိပက္ခပါတီများအကြား အပြန်အလှန်ညှိနှိုင်း ပြောဆိုမှုနှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယုံကြည်မှုတိုးပွားစေရေးဆိုင်ရာကိစ္စရပ်များ၊ ပဋိပက္ခကြောင့် အားလုံးဒုက္ခရောက်ကြရပြီး တစ်ဖက်နှင့်တစ်ဖက် အပြစ်တင်ခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးရရှိနိုင်ရေး ဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး ဆိုင်ရာကိစ္စရပ်များအား ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတက်ရောက်ရန် သက်ကြီးအနုပညာရှင်များ နေပြည်တော်သို့ရောက်ရှိ



ဒါရိုက်တာ အောင်မြင့်မြတ်



အကယ်ဒမီ ဒေစီကျော်ဝင်း



ဒါရိုက်တာ မောင်နှင်းမိုး



**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၁ ၌ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတက်ရောက်ရန် သက်ကြီးအနုပညာရှင် ၂၇ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်၏စီစဉ်ပေးမှုဖြင့် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာကြပြီး နေပြည်တော်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တ တည်းခိုနေထိုင်ကြမည့် နေရာများသို့ လိုက်လံပို့ဆောင်ပေးကြသည်။

ယခုကဲ့သို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ စိတ်အေးချမ်းသာစွာဖြင့် အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်ရန် စီစဉ်ပေးမှုအပေါ် ဒါရိုက်တာ အောင်မြင့်မြတ်က "နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့လို အနုပညာရှင်တွေကို မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတက်ရောက်ဖို့သေချာလေး စီစဉ်ပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ အကယ်ဒမီပွဲဆိုတာ တစ်နှစ်မှာတစ်ခါပဲ ကျင်းပတဲ့ပွဲဖြစ်တဲ့အတွက် အနုပညာရှင်တိုင်း တက်ရောက်ချင် ကြပါတယ်။ အထူးသဖြင့် ကျွန်တော်တို့လို အသက်ကြီးတဲ့သူတွေက ကျန်းမာမှပဲ တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ အခုလို တက်ရောက်ခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိသလို ထူးချွန်ဆုတွေရရှိကြမယ့် အနုပညာရှင်တွေကိုလည်း အားပေးသွားမှာဖြစ်ပါတယ်။ အခုလို အကယ်ဒမီပေးပွဲကြီးကို အဆင်ပြေစွာ တက်ရောက်နိုင်ဖို့စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲသို့တက်ရောက်လာသည့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒေစီကျော်ဝင်းကလည်း "၂၀၂၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို တက်ရောက်ခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ဒီအကယ်ဒမီဆုပေးပွဲကို စိတ်အေးချမ်းသာစွာနဲ့ အဆင်ပြေပြေတက်ရောက်နိုင်ဖို့လေယာဉ်နဲ့စီစဉ်ပေးတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ဆုပေးပွဲကြီးကလည်း အလွန်ကိုခမ်းနားထည်ဝါစွာ စီစဉ်ဆောင်ရွက်ထားတယ်လို့လည်း သိရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ အနုပညာရှင်တွေအပေါ် ဂရုတစိုက် ဝိုင်းဝန်းပံ့ပိုးပေးတဲ့အတွက် ပိုပြီးဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပြောသည်။

ဒါရိုက်တာမောင်နှင်းမိုးကလည်း "အခုကျင်းပတဲ့ အကယ်ဒမီပေးပွဲကို တက်ရောက်ခွင့်ရဖို့အတွက် နိုင်ငံတော်အစိုးရကနေ လိုအပ်သမျှ အကုန်စီစဉ်ဆောင်ရွက်ပေးပါတယ်။ အခု အကယ်ဒမီပေးပွဲအခမ်းအနားကို တက်ရောက်မယ့် သက်ကြီးအနုပညာရှင်တွေ စုစည်းပြီးတော့ ရန်ကုန်ကနေ လေယာဉ်နဲ့ ရောက်ရှိလာတာဖြစ်ပါတယ်။ ဒီကိုရောက်တော့လည်း အကျွေးအမွေးကအစ အားလုံး စီစဉ်ဆောင်ရွက်ပေးကြပါတယ်။ အကယ်ဒမီပေးပွဲဆိုတာ ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေ တက်ရောက်ချင်ကြတဲ့ ပွဲကြီးလည်းဖြစ်တဲ့အတွက် ရုပ်ရှင်သမားတိုင်း တက်ရောက်ချင်ကြသလို အကယ်ဒမီဆုကိုလည်း အလွန်ကိုလိုချင်ကြပါတယ်။ ဒီနှစ်မှာလည်း အကယ်ဒမီဆုတွေ ရရှိကြမယ့် သရုပ်ဆောင်တွေကို အားပေးရင်း တက်ရောက်ခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးကြသူတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

**သတင်းစဉ်**

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများ ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော်နှင့်အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း တစ်တုံးတည်းမှ ထွင်းထုထားသော ဥပ္ပါတသန္တိ ပုံစံတူ ကျောက်စိမ်းစေတီတော်၊ မြန်မာ့အကြီးဆုံး ပုလဲရတနာ၊ အရည်အသွေးမြင့် ကျောက်စိမ်းတုံးများ၊ ရှားပါးမြန်မာ့တွင်းထွက်ရတနာများဖြစ်သည့် ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများကို လိုက်လံရှင်းလင်းပြသကြပြီး ငြိမ်းချမ်းရေးသံတမန်ကြီးက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**ဗီဒီယိုမှတ်တမ်းပြသ**

ထို့နောက် ဧည့်သည်တော်နှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက မော်ကွန်းတိုက်၌ မာရဝိဇယ ဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော်များ တည်ထား ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။



အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ယင်းနောက် ဧည့်သည်တော်နှင့်အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်များပေါ်၌ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များကို စိတ်ဝင်တစား လေ့လာဖူးမြော်ကြည်ညိုကြသည်။

**ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေး**

ဆက်လက်၍ ဧည့်သည်တော်နှင့်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ အလှူငွေများ လှူဒါန်းကြကာ ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးခဲ့ကြသည်။



အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးစဉ်။

ညပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား M Gallery Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းရာ ဧည့်ခံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။



# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ဝမ်းသာပီတိစကားသံများ



တွေ့ဆုံမေးမြန်း - အောင်မင်းသန့်
ဓာတ်ပုံ - အောင်မင်းသန့်

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ ၌ ခမ်းနားထည်ဝါစွာကျင်းပရာ အနုပညာနယ်ပယ်ပေါင်းစုံမှ အနုပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။

အဆိုပါ အနုပညာရှင်၊ အတတ်ပညာရှင်များအနက်မှ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ထိုက်တန်စွာချီးမြှင့်ခံခဲ့ရသူများနှင့်တွေ့ဆုံ၍ ၎င်းတို့၏ရင်တွင်း ပီတိစကားသံများကို ပြည်သူများသိရှိစေရန် မေးမြန်းဝေမျှလိုက်ရပါသည်–



ဝါဝါဝင်းရွှေ



ခင်သန်းနု



မောင်နှင်းမိုး



ကောင်းဇံ



မိုရာမိုရ်



အောင်မျိုးမြတ်၊ မောင်ရဲဝင်း



အာကာကျော်



အေးသီရိကို



TAURUS V ရုပ်ရှင်ထုတ်လုပ်ရေး

**ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ (ရုပ်ရှင်တစ်သက်တာဆုရှင်)**

ဒီလိုဆုရရှိမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ အခုလို နိုင်ငံတော်က ချီးမြှင့်တဲ့အတွက် ဝမ်းသာမိပါတယ်။ အခုရရှိတဲ့ တစ်သက်တာဆုဟာ အင်မတန်အဓိပ္ပာယ်ပြည့်ဝလှပါတယ်။ ကိုယ်တိုင်လည်း ဂုဏ်ယူမိပါတယ်။ ကျွန်မတို့ဘဝမှာ အနုပညာကို ချစ်မြတ်နိုးစွာနဲ့ နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့တာပါ။ ကျွန်မချစ်တဲ့ပရိသတ်ကြီးကို အသက်နဲ့ခန္ဓာ တည်မြဲနေသရွေ့ အနုပညာနဲ့ ကျေးဇူးဆပ်သွားပါမယ်လို့ ပြောချင်ပါတယ်။ ပရိသတ်ကြီးလည်း ထပ်တူထပ်မျှ ဝမ်းသာကြမယ်လို့ မျှော်လင့်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု (ရုပ်ရှင်တစ်သက်တာဆုရှင်)**

အခုလို အကယ်ဒမီဆုရရှိတဲ့အတွက် ဝမ်းသာမိပါတယ်။ စိတ်ထဲမှာလည်း အင်မတန်ကျေနပ်ပီတိဖြစ်မိပါတယ်။ ဘဝအတွက် တစ်သက်တာဆုဆိုတာ အမြင့်ဆုံးဆုပဲ ဖြစ်ပါတယ်။ ဒီအရွယ်မှရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျေးဇူးတင်ထိုက်တဲ့သူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ အကုန်လုံးရဲ့မေတ္တာကို ခံယူရတာပဲဖြစ်ပါတယ်။ ကျွန်မကတော့ သရုပ်ဆောင်အလုပ်ကို အကောင်းဆုံး ဆောင်ရွက်ခဲ့ပါတယ်။ အနုပညာဆိုတာ အများကြီးကြိုးစားရပါတယ်။ ကိုယ့်ရဲ့ဆန္ဒကို မလုပ်ဆောင်ရဘဲ ဇာတ်ကောင်ရဲ့စရိုက်ကို အမြဲတမ်း ပီပြင်အောင် မွေးမြူရပါတယ်။ သရုပ်ဆောင်ပညာကို ကြိုးစားဆောင်ရွက်မယ်ဆိုရင် တစ်သက်တာဆုဆိုတာကို တစ်ချိန်မှာ ရရှိကြမှာဖြစ်ပါတယ်။

**အကယ်ဒမီဒါရိုက်တာမောင်နှင်းမိုး (ရုပ်ရှင်တစ်သက်တာဆုရှင်)**

အကယ်ဒမီဆိုတာ ရုပ်ရှင်လောကသားတိုင်း တောင်းတတဲ့ဆုတစ်ခုဖြစ်ပါတယ်။ ဒီလိုတောင်းတနေတဲ့ဆုကို မမျှော်လင့်ဘဲ ရရှိတဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။ ရုပ်ရှင်လည်း မရိုက်တော့ပေမယ့် အခုအချိန်မှာ ရရှိတဲ့အတွက် စိတ်လည်းလှုပ်ရှားနေမိပါတယ်။ ကိုယ့်နာမည်ကို ဆုရရှိတယ်လို့ ကြေညာလိုက်တဲ့အချိန်မှာလည်း ရင်ခုန်ခဲ့ပါတယ်။ သင်ကြားပေးခဲ့တဲ့ ဆရာတွေရဲ့ သင်ကြားပေးမှုကို သေချာလိုက်နာခဲ့လို့ ဆုရရှိခဲ့တာဖြစ်ပါတယ်။ ဆရာသမားအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ဆုချီးမြှင့်ပေးတဲ့သူတွေ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**ကောင်းဇံ (အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု)**

ဆုရရှိတဲ့အတွက် ပျော်ရွှင်နေမိပါတယ်။ အခုဆုရရှိတဲ့ ဇာတ်ကားရိုက်ကူးတုန်းက အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ အင်းလေးမှာ ရိုက်ကူးခဲ့တာဖြစ်တဲ့အတွက် အင်းလေးရဲ့ အလှအပတွေအားလုံးကို သေချာပြသနိုင်ခဲ့တဲ့အပြင် ရေပေါ်မှာ ရိုက်ကူးရတာဖြစ်တဲ့အတွက် သေချာပြင်ဆင်ခဲ့ရပါတယ်။ ကျွန်တော်ဓာတ်ပုံဆုရရှိတဲ့အတွက် ပရိသတ်တွေလည်း ပျော်ရွှင်မယ်လို့ ထင်ပါတယ်။ ဒီဆုဟာ ဘဝရဲ့ မှတ်တိုင်တစ်ခုဖြစ်ခဲ့ပါပြီ။ ကျွန်တော့်ကို အားပေးကြတဲ့ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ရှိပါတယ်။

**မိုရာမိုရ် (အကောင်းဆုံးရုပ်ရှင်တေးဂီတဆု)**

ကျွန်တော့်ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒီဆုကို ကျွန်တော်ရတာထက် လူငယ်တွေကို ပိုရစေချင်ပါတယ်။ ကျွန်တော်ရရှိခဲ့တဲ့ကားကတော့ သမိုင်းမှာကျန်နေမယ့် ကားတစ်ကားဖြစ်တယ်ဆိုတာ ယုံကြည်တဲ့အတွက် အစကတည်းက သေချာကြိုးစားခဲ့ပါတယ်။ ကိုယ်တိုင်ကလည်း ဂီတကို သဘောကျတယ်။ ဒါကြောင့် ကိုယ်သိရှိသမျှ အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ဒီအကယ်ဒမီဆုကတော့ ဘဝအတွက် အမှတ်ရစရာကိစ္စတစ်ခု ဖြစ်ခဲ့ပါပြီ။ ရှေ့ဆက်ပြီးလည်း ဂီတနဲ့ ပတ်သက်တာတွေ အများကြီး ကြိုးစား ဆောင်ရွက်သွားပါမယ်။

**အောင်မျိုးမြတ်၊ မောင်ရဲဝင်း (အကောင်းဆုံးရုပ်ရှင်အသံဆု)**

အခုလို အသံဆုရရှိအောင် နှစ်ယောက် အတွဲညီညီ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဇာတ်ကားတိုင်းမှာ သူ့အခက်အခဲနဲ့သူရှိပါတယ်။ ဒါပေမဲ့ ဒီအခက်အခဲတွေကို ကြိုးစားပြီး သေချာပြင်ဆင် ကျော်ဖြတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုလို ပညာရှင်ဆု ရရှိတဲ့အတွက် အင်မတန်ကို ပျော်ရွှင်မိပါတယ်။ ဒီဆုရရှိခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်ရမယ့်သူတွေ များပါတယ်။ ကျွန်တော်တို့ချည်းတော်လို့မဟုတ်ပါဘူး။ မင်းသား၊ မင်းသမီးတွေနဲ့ အဖွဲ့သားတွေ အားလုံးရဲ့ အကောင်းဆုံးပူးပေါင်းဆောင်ရွက်မှုကြောင့် ဆုရရှိခဲ့တာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုပါတယ်။

**အာကာကျော် (အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု)**

အခုလို အကယ်ဒမီဆုကြီးကို ရရှိတဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။ ကျွန်တော်ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ကြိုးစားရကျိုးနပ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒီကားက အင်းလေးမှာ သွားရိုက်ထားတာဖြစ်ပါတယ်။ အမှတ်တရတွေလည်းအများကြီးပါ။ အနုပညာရှင်တွေအားလုံးက တော်ကြပါတယ်။ ကံရယ်၊ အကြောင်းတရားတွေ ပေါင်းစပ်သွားရင် ဆုရရှိသွားတာဖြစ်ပါတယ်။ ဒီဆုရရှိတဲ့အတွက် ကိုယ်တိုင်လည်း ပိုပြီးယုံကြည်မှု ရှိသွားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အေးသီရိကို (အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု)**

အခုလို ဆုရရှိမယ်လို့ မမျှော်လင့်ထားပါဘူး။ ဒီဇာတ်ကားကို ပရိသတ်ကလည်း အားပေးကြတယ်။ ကျွန်မကိုယ်တိုင် ကြိုက်တဲ့ဇာတ်ညွှန်းလည်း ဖြစ်ပါတယ်။ အခုဆုရရှိတဲ့ တိမ်ပန်းချီဇာတ်ကားမှာ ကျွန်မအနေနဲ့ အများကြီး ကြိုးစားခဲ့ပါတယ်။ အခုလို ကြိုးစားမှုအရာထင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဇာတ်ညွှန်းတိုင်း ကိုလည်း ကိုယ်တိုင်ခံစားပြီး ရေးသားပါတယ်။ တိမ်ပန်းချီရုပ်ရှင်ဇာတ်လမ်းကို စတင်ရေးဖို့ လက်ခံလိုက်ကတည်းက အမျိုးသမီးတွေရဲ့ အချစ်နဲ့မေတ္တာတရားတွေကို ပြသမယ့်ဇာတ်လို့ တွေးပြီး ရေးသားခဲ့တာ ဖြစ်ပါတယ်။ ကြည့်ရှုအားပေးခဲ့ကြတဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**TAURUS V ရုပ်ရှင်ထုတ်လုပ်ရေး (အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု)**

ကျွန်မတို့အားလုံး ကြိုးစားထားကြတဲ့ ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကားကြီးကို ကြည့်ရှုအားပေးကြတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ဒီဇာတ်ကားရိုက်ကူးခဲ့တဲ့နေရာက မြေပေါ်မှာမဟုတ်ဘဲ အင်းလေးရေပြင်ပေါ် ရိုက်ကူးခဲ့တာ ဖြစ်တဲ့အတွက် အခက်အခဲတော့ ရှိခဲ့ပါတယ်။ အားလုံး ကိုယ့်တာဝန်ကိုယ်ယူပြီး အကောင်းဆုံး ရိုက်ကူးခဲ့ကြတာ ဖြစ်ပါတယ်။ နောက်ထပ်လည်း ရသမြောက် ရုပ်ရှင်ဇာတ်ကားကောင်းတွေကို ရိုက်ကူးသွားဖို့ ရှိပါတယ်။ ဆုချီးမြှင့်ပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**လုံလုံ(လက်ာဒီပ)( အထူးဆု)**

အခုလိုမျိုး မိတ်ကပ်ပညာကို လိမ်းခြယ် ပြသခွင့်ရအောင် အခွင့်အရေးပေးခဲ့တဲ့ အတွက် ဝမ်းသာမိပါတယ်။ ယုံကြည်စွာ အပ်နှံခဲ့တဲ့သူတွေကို ကျေးဇူးတင်ရှိပါတယ်။ ဒီဆုဟာ ရုပ်ရှင်သမိုင်းမှာ ပထမဆုံးဆုလည်းဖြစ်ပါတယ်။ ရုပ်ရှင်အတတ်ပညာရှင်အနေနဲ့ အသိအမှတ်ပြုပေးတဲ့အတွက် ဂုဏ်ယူရပါတယ်။ မိတ်ကပ်လိမ်းတာဟာ တာဝန်ကြီးပါတယ်။ အတတ်နိုင်ဆုံး ကြိုးစားခဲ့တဲ့အတွက် ဒီဆုကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အကယ်ဒမီဆုရရှိခဲ့တဲ့အတွက် တာဝန်ပိုကြီးသွားပါပြီ။ ဒီထက်ပိုပြီး ကြိုးစားသွားပါမယ်။ ကျွန်မရဲ့ကြိုးစားမှုကို အသိအမှတ်ပြုပေးတဲ့ ပရိသတ်တွေနဲ့ လုပ်ဖော်ကိုင်ဖက်အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

စာမျက်နှာ ၁၃ သို့ ❖


လုံလုံ


ဝင်းလွင်ထက်


ခြူးလေး


အေးချမ်းမောင်


ဝတ်မှုန်ရွှေရည်


နေတိုး

❖ စာမျက်နှာ ၁၂ မှ

**ဝင်းလွင်ထက်**
**(အကောင်းဆုံးဒါရိုက်တာဆု)**

ကျွန်တော် အိပ်မက်ကာရန် ရုပ်ရှင်ဇာတ်ကားကို အများကြီး ပြင်ဆင်ခဲ့ပါတယ်။ ဒီကားက တခြားကားတွေနဲ့ မတူပါဘူး။ ဒီကားက Musical ကားတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အစမ်းလေ့ကျင့်မှုတွေ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ရပါတယ်။ ကျွန်တော် ဘယ်လိုဇာတ်ကားပဲ ရိုက်ရိုက် ပရိသတ်တွေအတွက် အကောင်းဆုံးလုပ်မယ်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ပဲ ဆောင်ရွက်ပါတယ်။ အခုလို ဒါရိုက်တာဆု ရရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီကားကို စပြီးအကောင်အထည်ဖော်တာက နီနီခင်ဇော် ဖြစ်ပါတယ်။ သူ့ရဲ့ အိပ်မက်အတိုင်း ဒီကားကြီးဟာ ပရိသတ်ရင်ထဲ ရောက်တဲ့အပြင် အကယ်ဒမီဆုတွေလည်း ရရှိခဲ့ပါပြီ။

**ခြူးလေး(အကောင်းဆုံး**
**အမျိုးသမီးဇာတ်ပို့ဆု)**

အခုအချိန်မှာတော့ အင်မတန် ရင်ခုန်စိတ်လှုပ်ရှားနေပါတယ်။ ကိုယ့်နာမည်ကို ကြေညာလိုက်တဲ့ အချိန်မှာ ရင်ခုန်သံတွေ ရပ်တန့်သွားမလိုတောင် ဖြစ်ခဲ့ပါတယ်။ ကိုယ့်ကြိုးစားမှု အပေါ်မှာတော့ ဒီအကယ်ဒမီဆုကို အနည်းငယ်တော့ မျှော်လင့်ခဲ့ပါတယ်။ အခုတော့ ကိုယ့်ရဲ့မျှော်လင့်ချက်လေး ပြည့်ဝသွားတယ်လို့ ပြောလို့ရပါတယ်။ ဒီဆုဟာ အနုပညာသက်တမ်းတစ်လျှောက်မှာ တကယ်ကို အဓိပ္ပာယ်ရှိတဲ့ဆု တစ်ဆုပဲဖြစ်ပါတယ်။ ဒီလို မှတ်တိုင်တစ်ခု ရရှိအောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ရှိခဲ့ပါတယ်။ ဒါကြောင့် တဖြည်းဖြည်း ကြိုးစားလာခဲ့တာပါ။ အားပေးကြတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ရှိပါတယ်။

**အေးချမ်းမောင် (အကောင်းဆုံး**
**အမျိုးသားဇာတ်ပို့ဆု)**

လက်ရှိ ခံစားချက်ကတော့ မမျှော်လင့်ထားဘဲ အကယ်ဒမီဆုကြီး ရရှိခဲ့တဲ့အပေါ်မှာ ပိုပြီးတော့ ဝမ်းသာမိပါတယ်။ ကိုယ့်နာမည် ကြေညာလိုက်တဲ့ အချိန်မှာတော့ အံ့သြဝမ်းသာခဲ့ရပါတယ်။ ကိုယ့်ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဆုပေးပွဲ မစတင်မီကတည်းက ပရိသတ်တွေက ခန့်မှန်းပေးကြတာရှိခဲ့ပါတယ်။ ရုပ်ရှင်ဇာတ်ကားကောင်းတွေနဲ့ သရုပ်ဆောင်ကောင်းတွေလည်း များတဲ့အတွက် ခန့်မှန်းချက်တွေလည်း အများကြီးရှိပါတယ်။ အခုလိုဆုရရှိတာကလည်းပရိသတ်တွေ အားပေးမှုကြောင့် ဖြစ်ပါတယ်။ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

**ထပ်ဆင့်အကယ်ဒမီ ဝတ်မှုံရွှေရည်**
**(အကောင်းဆုံး အမျိုးသမီး**
**ဇာတ်ဆောင်ဆု)**

အခုလို အကယ်ဒမီဆုရရှိတဲ့ အပေါ်မှာ ဝမ်းသာမိပါတယ်။ ကျွန်မကို အားပေးနေကြတဲ့ ပရိသတ်ကြီးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဒီလိုဆုရရှိတဲ့အတွက် ပရိသတ်တွေအားလုံးလည်း ပျော်နေကြမယ်လို့ ထင်မိပါတယ်။ ကျွန်မနာမည်ကို ကြေညာလိုက်တဲ့အချိန်မှာ ရင်ခုန်မိပါတယ်။ စိတ်လည်း လှုပ်ရှားတယ်။ ကျွန်မကို အကယ်ဒမီဆုရစေချင်တဲ့ ပရိသတ်တွေ အများကြီးရှိပါတယ်။ သူတို့ရဲ့ ဆန္ဒတွေလည်း ပြည့်ဝသွားတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ထပ်ဆင့်အကယ်ဒမီနေတိုး**
**(အကောင်းဆုံး အမျိုးသား**
**ဇာတ်ဆောင်ဆု)**

ကျွန်တော့်အနေနဲ့ အခုလို အကယ်ဒမီဆုကြီးကို ရရှိတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။ ဒီအကယ်ဒမီရုပ်တုဟာ ကျွန်တော့်အတွက် လေးဆုမြောက် ဆုတံဆိပ်ဖြစ်ပါတယ်။ နှောင်ရုပ်ရှင်ဇာတ်ကားဟာ ကျွန်တော့်အတွက် အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ အများကြီးကြိုးစားခဲ့တဲ့ အတွက်ကြောင့် ဒီဆုတံဆိပ်ကို ရရှိခဲ့တာဖြစ်တယ်လို့ ထင်မိပါတယ်။ ကျွန်တော့်အတွက် ရင်ခုန်စွာနဲ့ အားပေးနေကြတဲ့ ပရိသတ်တွေ ကျေနပ်ကြလိမ့်မယ်လို့ထင်ပါတယ်။ ဒီနေ့ကတော့ ပရိသတ်ရဲ့ ဆန္ဒနဲ့ ထပ်တူကျသွားတယ်လို့ ပြောလို့ရပါတယ်။ သူတို့ရစေချင်တဲ့ ဇာတ်ရုပ်နဲ့ ဆုရရှိခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ နှောင်လည်း ဒီထက်ပိုမို ကြိုးစားသွားပါမယ်လို့ ပြောကြားလိုပါတယ်။ ပရိသတ်တွေနဲ့ လုပ်ဖော်ကိုင်ဖက်အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ။


















၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများပုံရိပ်



# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ဓာတ်ပုံ မြင်ကွင်း




















# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ MSME ထုတ်ကုန်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၉**

MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်မီသော ပြည်တွင်း MSME ထုတ်ကုန်အသစ်များ ပေါ်ပေါက်လာစေရေး ရည်ရွယ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲနှင့် ပြိုင်ပွဲကြီးတွင် ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး ဦးမြင့်စိုးက ဦးဆောင်ပြီး ပြိုင်ပွဲကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ရုံးအမှတ် ၁၆ ၌ ဖေဖော်ဝါရီ ၇ ရက်မှ ၉ အထိ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အသေးစား (Micro) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၂၉ ဦး၊ အငယ်စား(small) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၃၄ ဦး၊ အလတ်စား(medium) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၂၈ ဦး၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၃၅ ဦး၊ ကုန်ထုတ် သမဝါယမအသင်း စွမ်းဆောင်ရည်ဆုအတွက် သမဝါယမအသင်း ၂၅ သင်း၊ အသေးစားစက်မှုလက်မှုထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၄၂ ဦး စုစုပေါင်း ၁၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးအတွက် ဆု ၃၁ ဆု ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရရှိသည့် လုပ်ငန်းရှင်များကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပသည့် တပေါင်းကွင်း၌ ဆုချီးမြှင့်ပွဲ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုတို့က ဒေသထွက် ကုန်ကြမ်းတွေကနေ ထုတ်လုပ်ခင်းကျင်းရောင်းချထားတဲ့ MSME ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ဝယ်ယူအားပေးနိုင်တဲ့အခွင့်အလမ်းကို ရရှိမှာဖြစ်ပါတယ်

**တွေ့ဆုံမေးမြန်း-ဝင်းဝင်းမင်း**
**ဓာတ်ပုံ-ဖိုးပြည့်စုံ**

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသ ရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-

**မေး။ ။** (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ဘယ်လိုတာဝန်တွေယူပြီး ဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။

**ဖြေ။ ။** (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ ကျွန်တော်က ဖိတ်ကြားရေး၊ နေရာချထားရေးနဲ့ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ပါတယ်။ ပြီးတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ ဆုချီးမြှင့်ခြင်းအခမ်းအနားမှာ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ဆုချီးမြှင့်ပေးအပ်နိုင်ဖို့ နည်းပညာ ပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပြီးတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်းအနေနဲ့ ပြခန်းအမှတ်(၆)နဲ့ ပြခန်းအမှတ်(၂၇) Digital Corner ပြခန်းတွေမှာ ဝင်ရောက်ပြသသွားမှာ ဖြစ်ပါတယ်။




**မေး။ ။** လာရောက်လေ့လာကြသူတွေအဆင်ပြေအောင် ဘယ်လိုစီစဉ်ထားတယ်ဆိုတာကို သိပါရစေ။

**ဖြေ။ ။** ကျွန်တော်တို့ ဆပ်ကော်မတီက ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီရဲ့ ညွှန်ကြားချက်တွေနဲ့အညီ လုပ်ငန်းတာဝန်တွေကို ဆက်စပ်နေတဲ့ ဆပ်ကော်မတီတွေနဲ့ အချိန်နဲ့တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်က တပေါင်းကွင်းမှာ ဖေဖော်ဝါရီ ၁၀ ရက်က စတင်ပြီး ကျင်းပမယ့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကို လာရောက်လေ့လာကြသူတွေအတွက် ရေ၊ လျှပ်စစ်မီး၊ သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစတဲ့ လိုအပ်ချက်တွေ အားလုံးကို ဖြည့်ဆည်းပေးထားပြီး သက်သောင့်သက်သာ အဆင်ပြေချောမွေ့မှုရှိအောင် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံကျော်အဆိုတော်တွေရဲ့ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့လည်း အပန်းဖြေနိုင်ဖို့ ထည့်သွင်းထားပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအနေနဲ့လည်း ပလတ်စတစ်သုံးစွဲမှုမရှိအောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

"ပစ္စည်းချင်းတူရင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူရင် အရည်အသွေး ပိုကောင်းရမည်" ဆိုတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုတို့က ဒေသထွက် ကုန်ကြမ်းတွေကနေ ထုတ်လုပ်ခင်းကျင်းရောင်းချထားတဲ့ MSME ထုတ်ကုန်တွေကို လာရောက်ကြတဲ့ ပြည်သူတွေအနေနဲ့ ဒေသအသီးသီးကို တကူးတက သွားစရာမလိုဘဲ တစ်နေရာတည်းမှာ အမယ်စုံလင်စွာ ရွေးချယ်ဝယ်ယူအားပေးနိုင်တဲ့ အခွင့်အလမ်းကို ရရှိမှာဖြစ်ပါတယ်။

**မေး။ ။** လုပ်ငန်းရှင်တွေအတွက် ဘယ်လိုအစီအစဉ်တွေ ရှိတယ်ဆိုတာလည်း သိပါရစေ။

**ဖြေ။ ။** MSME လုပ်ငန်းရှင်တွေအနေနဲ့လည်း ပြခန်းတွေမှာ လေ့လာမှုအပေါ် အခြေခံပြီး ကိုယ့်ရဲ့လုပ်ငန်းတွေ ဘယ်လိုတိုးတက်အောင် ဆောင်ရွက်ရမယ်ဆိုတာ သိမြင်လာမှာဖြစ်ပြီး လိုအပ်ချက်တွေကိုလည်း ဝန်ကြီးဌာနတွေကနေ သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းရှင်တွေ လိုအပ်တဲ့ ဝန်ဆောင်မှုတွေကို တစ်ထိုင်တည်းမှာ လက်တွေ့ကျကျ ဖြည့်ဆည်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ဖို့ စံအရည်အသွေး သတ်မှတ်ချက်တွေ ကိုက်ညီအောင် နည်းပညာပံ့ပိုးမှု၊ လုပ်ငန်းနဲ့ စီးပွားချိတ်ဆက်မှု၊ စီးပွားရေးသံမှူးတွေ၊ ပညာရှင်တွေထံကနေ အကြံဉာဏ်တွေ ဆွေးနွေးတောင်းခံနိုင်ဖို့ အစီအစဉ်တွေပါ ထည့်သွင်းထားရှိပါတယ်။

ပြီးတော့ အခြားဒေသက လုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်တွေကိုလည်း အချင်းချင်း သိရှိလေ့လာနိုင်မှာဖြစ်ပါတယ်။ ကိုယ့်ရဲ့ ထုတ်ကုန်တွေရဲ့ အရည်အသွေးကို မြှင့်တင်နိုင်ဖို့၊ ဈေးကွက်ယှဉ်ပြိုင်မှုကို ပိုမိုမြှင့်တင်နိုင်ဖို့၊ ဒေသထွက်ကုန်ကြမ်းအပေါ် အခြေခံတဲ့ ထုတ်ကုန်အမယ်သစ်တွေ တိုးမြှင့်ထုတ်လုပ်နိုင်ဖို့ စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ အမြင်သစ်တွေလည်း ရရှိလာမှာ ဖြစ်ပါတယ်။ တခြားဒေသက မိတ်ဆွေသစ်တွေ ပိုမိုတိုးပွားရရှိကြမယ်။ MSME ကွန်ရက်ချိတ်ဆက်မှုတွေ ပိုမိုအားကောင်း ခိုင်မာလာမယ်။ ဒါကြောင့် MSME လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်ရဲ့ လုပ်ငန်းတွေ လက်ရှိအခြေအနေထက် ပိုမိုတိုးတက်အောင်မြင်စေဖို့ ဒီပြပွဲ ပြိုင်ပွဲပြီးတာနဲ့ သေချာပေါက် ဆက်လက်ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။

**မေး။ ။** ပြည်သူတွေသိရှိစေဖို့ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။

**ဖြေ။ ။** ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကို လာရောက်လေ့လာကြသူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေကို မလွဲဧကန်ရရှိမှာဖြစ်တဲ့အတွက် ပြည်သူတွေနဲ့ MSME လုပ်ငန်းရှင်တွေအားလုံးကို လာရောက်လေ့လာ ကြည့်ရှုကြပါလို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ကြားလိုပါတယ်။ ။

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြားပြည်ထောင်စုရဲ့ နှလုံးသား။**

## (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့ အောင်ဆန်းရပ်ကွက် လမ်းမတော်မြို့ပတ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ရေကြည် ဖေဖော်ဝါရီ ၉**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေကြည်မြို့ အောင်ဆန်းရပ်ကွက် လမ်းမတော် မြို့ပတ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါလမ်းထိပ်၌ ကျင်းပသည်။



အဆိုပါ လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ သယံဇာတရေးရာ ဝန်ကြီး ဦးအုန်းမြင့်၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းခယ်တို့ တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ လမ်းအရှည် ပေ ၁၃၂၀၊ အကျယ် ၁၆ ပေ၊ ဒု ရှစ်လက်မ စုစုပေါင်း ကုန်ကျငွေ ၉၄ ဒသမ ၆၈ သန်းဖြင့် ဝင်းထက်ကျော်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ ပြုလုပ်ခဲ့ရာ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်အသင်း တာဝန်ရှိသူတို့မှ ပြိုင်ပွဲကို Color Ball ရိုက်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများ၊ ဖိတ်ကြားထားသည့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများအား ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်ခဲ့ပြီး ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများက ဂေါက်သီးရိုက် အားကစားနည်းများဖြင့် ဝင်ရောက်ယှဉ်ပြိုင် နေမှုအပေါ် ကြည့်ရှုအားပေးခဲ့သည်။



ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အတန်းလိုက် ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား လည်းကောင်း၊ ရိုက်ချက်အလိုက် အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမားများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

## EJU စာမေးပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

၂၀၂၅ ခုနှစ် ဇွန်လ၌ ကျင်းပမည့် EJU (Examination for Japanese University Admission for International Students) စာမေးပွဲကို ဇွန် ၁၅ ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

စာမေးပွဲလျှောက်လွှာကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၆ ရက်အထိ (အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ) နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း Snow Garden Housing 2B-(4) ရှိ MAJA Head Office (Yangon) ဖုန်း- ၀၉၂၆၂၆၀၂၂၂ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် မန္တလေးမှ လျှောက်လွှာများကို ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေး Block 1၊ Unit 6 ရှိ MAJA office Mandalay ဖုန်း- ၀၉၂၅၅၁၆၂၅၃၃ သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

စာမေးပွဲတွင် ရွေးချယ်ဖြေဆိုနိုင်မည့် ဘာသာရပ်များမှာ သိပ္ပံတွဲတွင် Japanese as a Foreign Language၊ Science၊ Mathematics နှင့် ဝိဇ္ဇာတွဲတွင် Japanese as a Foreign Language၊ Japan and the World၊ Mathematics တို့ ပါဝင်သည်။

လျှောက်လွှာတွင် ဖြည့်သွင်းသည့် အချက်အလက်များအား တိကျမှန်ကန်စွာ ဖြည့်သွင်းပြီး လာရောက်တင်သွင်းရမည်ဖြစ်ကာ လျှောက်လွှာတင်ပြီးပါက အချက်အလက်များအား ပြန်လည်ပြင်ဆင်နိုင်မည် မဟုတ်ကြောင်း၊ မိမိလျှောက်လွှာတင်ခဲ့သည့် ဘာသာရပ်အတိုင်းသာ ဖြေဆိုခွင့်ရရှိမည်ဖြစ်ကြောင်း စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်း အသင်းက အသိပေးကြေညာထားသည်။

**မျိုးမင်းသူရ**

ဖေဖော်ဝါရီ ၈ ရက်နံနက်က အလုံမြို့နယ် သစ်တောရပ်ကွက်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက် (၃) ဖြင့် ရပ်ကွက်အတွင်း ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောက်ရွက်ပေးလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် အဖွဲ့ဝင်(၂) ဦးအောင်စိုးတို့ ကြည့်ရှုအားပေးစဉ်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## ပြည်ထောင်စုအလှ ဖော်ဆောင်ကြစို့

❋ မပြိုကွဲအောင်
ညီနောင်သားချင်း
လက်ချင်းတွဲချိတ်
ပြည်ထောင်စုစိတ်။

❋ ဆတ်ဆတ်ထိမခံ
နိုင်ငံနှင့်လူမျိုး
မြတ်နိုးလေးစား
မျိုးစောင့်တရား။

❋ ဝေမျှမေတ္တာ
စာနာမနော
မြတ်သောစိတ်ထား
ပြဟ္မစိုရ်တရား။

❋ တစ်အူထုံ့ဆင်း
သွေးချင်းတူပျော်
တောင်ပေါ်မြေပြန့်
ခိုင်ခံ့သည်းသိပ်
မျိုးချစ်စိတ်။

❋ ပြည်ထောင်စု အခွန့်ရှည်ရေး
ချင့်တွေးလို့ မခိုသာ
လက်တွဲညီညာ၊
တိုးတက်ဖို့ ရည်မျှော်ကာ
တို့ဝန်တာ မျှဝေကြ၊
ကိုယ်စီမှာ ရှောင်မရ
ကြိုးစားကာ ဖော်ဆောင်ကြ
ပြည်ထောင်စုအလှ။ ။

**ကျော်စောဟန်**

# ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဂုဏ်ဆောင် တိုင်းရင်းသားစကားပုံများ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက် (၅) ရပ် ချမှတ်ထားရာတွင် အဓိကအနှစ်ချုပ်မှာ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး" ဖြစ်သည်။ နိုင်ငံနှင့်လူမျိုးအတွက် အလေးအနက်ထားကြရမည့် ဦးတည်ချက်များဖြစ်သည်။

> **"တိုင်းရင်းသားစကားပုံ မြောက်မြားစွာထဲတွင် နားဝင်ချိုပြီး နှစ်လိုမြတ်နိုးဖွယ်ရာစကားပုံများရှိပါသည်။ သို့သော် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုထိပါးစေသော အယူအဆများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ဟိတ်ဟန်ထုတ် လိမ်ညာဖြီးဖြန်းနေကြသောကြောင့် အမှားကြာလျှင် အမှန်ထင် မဖြစ်ကြစေရေးအတွက် အလေးအနက်ထားကာ သုံးနှုန်းပြောဆိုကြစေချင်ပါသည်။ မှန်ကန်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ယုတ္တိရှိရှိ ရှင်းလင်းပြောဆိုသုံးနှုန်းကြစေလို"**

**"ဒို့တာဝန်အရေးသုံးပါး"** ကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအားလုံး၏ နှလုံးသားတွင် သားအစဉ်၊ မြေးအဆက်၊ မြစ်အညွန့် အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစွာ ချမှတ်ထားကြရမည့် ဦးတည်ချက်များလည်းဖြစ်သည်။

တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြပါမှ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရလဒ်ကို ရရှိခံစားနိုင်ကြမည်ဖြစ်ရာ နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားလှုပ်ရှားနေကြပါသည်။ နည်းလမ်းပေါင်းများစွာထဲတွင် လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း အပြန်အလှန် လေးစားလိုက်နာကြရန် လိုအပ်လှပါသည်။

နိုင်ငံတော်အတွင်း နေထိုင်ကြသော တိုင်းရင်းသားအားလုံးတွင် ရှေးအစဉ်အလာ ထုံးတမ်းများစွာကို နောင်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းဝေမျှပေးနေသည့် သြဝါဒပြောဆိုဆုံးမစာပေါင်း မြောက်မြားစွာရှိနေပါသည်။ သြဝါဒပြောဆိုဆုံးမစာများစွာထဲတွင် မြန်မာစကားပုံများရှိသကဲ့သို့ တိုင်းရင်းသားစကားပုံများလည်းရှိပါသည်။

**"မြန်မာအဘိဓာန်"** တွင် **"စကားပုံ"** နှင့်ပတ်သက်၍ **"လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုပုံခိုင်း၊ ပြောဆိုလေ့ရှိသော ထိရောက်ကျစ်လျစ်ပြေပြစ်သည့်စကား"** ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ **"ဆင်ခြင်"**နှင့်ပတ်သက်၍ **"ချင့်ချိန်သည်၊ စဉ်းစားသည်၊ သုံးသပ်သည်"** ဟူ၍လည်းကောင်း၊ **"ဆင်ခြင်တုံတရား"** ဆိုသည်မှာ **"သင့်မသင့် အကြိမ်ကြိမ် စဉ်းစားဆင်ခြင်မှု"** ဟူ၍လည်းကောင်း ဖွင့်ဆိုထားပါသည်။

တိုင်းရင်းသားစကားပုံ မြောက်မြားစွာထဲတွင် နားဝင်ချိုပြီး နှစ်လိုမြတ်နိုးဖွယ်ရာစကားပုံများရှိပါသည်။ သို့သော် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုထိပါးစေသော အယူအဆများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ဟိတ်ဟန်ထုတ် လိမ်ညာဖြီးဖြန်းနေကြသောကြောင့် အမှားကြာလျှင် အမှန်ထင် မဖြစ်ကြစေရေးအတွက် အလေးအနက်ထားကာ သုံးနှုန်းပြောဆိုကြစေချင်ပါသည်။ မှန်ကန်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ယုတ္တိရှိရှိ ရှင်းလင်းပြောဆို သုံးနှုန်းကြစေလိုပါသည်။ သာဓကအချို့ကို မျှဝေပေးလိုပါသည်။

**"ရှမ်းရိုးလင်ကိုး"** ဟူသော စကားပုံကို လင်ကိုးယောက်ယူနိုင်သည်ဟု လွဲမှားစွာယူဆပြောဆိုနေကြသည်။ အမှန်မှာ ရှမ်းတိုင်းရင်းသားလူမျိုး ရိုးရာယဉ်ကျေးမှုအရ အိမ်ဦးသခင်၊ လင်ယောကျ်ားကို အစဉ်ထာဝရ သစ္စာရှိရှိ ရိုးမြေကျပေါင်းသင်းကြပြီး အားကိုးတကြီး ချီးမြှင့်ဂုဏ်ပြုတန်ဖိုးထားလေးစားနေကြခြင်းကို တင်စားထားသည့် စကားပုံဖြစ်သည်။ ဗမာစကားပုံဖြစ်သော **"သားကိုသခင် လင်ကိုဘုရား"** နှင့် တစ်သဘောတည်းပင်ဖြစ်သည်။ နှစ်သက်မြတ်နိုးဖွယ်ကောင်းလှပါသည်။

ထိုနည်းတူ **"ရှမ်းရှင်ပြု အလွယ်ကလေး"** ဟူသော စကားပုံကိုလည်း လွဲမှားစွာ ယူဆနေကြသည်။ အမှန်မှာ ရှမ်းကျေးရွာအလှူပွဲတစ်ပွဲမှာ ရှင်လောင်းလှည့်ကြရာတွင် အိုးစည်အတီးကောင်းသော ဗမာတစ်ဦးကို ရှမ်းအိုးစည်ရှည်ကြီးပေးအပ်ပြီး တီးခတ်စေခဲ့သည်။ ဗမာကလည်း ရှမ်းအိုးစည်ရှည်ကြီးကို လည်ပင်းတွင်လွယ်ကာ လိမ်ဖယ်ဖယ်တီး၍ လိုက်ပါလာခဲ့သည်။ ကြာတော့ လေးလံရှည်လျားလှသော ရှမ်းအိုးစည်ကြီးကြောင့် ချွေးဒီးဒီးကျ စိတ်ပျက်လာသည်။ ပင်ပန်းနွမ်းလျလာသည်။ ရှင်လောင်းလှည့်ပွဲကလည်း ပြီးလုပြီးလုနှင့် လက်စမသတ်၊ မရပ်မနားပေ။ ထို့ကြောင့် အိုးစည်ကြီးတစ်လုံးကို ခါးကုန်းအောင်လွယ်ပြီး တီးခတ်လိုက်ပါလာသော ဗမာယောကျ်ားအိုးစည်သမားက ချွေးများကိုသုတ်ရင်း **"ခင်ဗျားတို့ ရှမ်းရှင်ပြုအလှူမှာ အိုးစည်တီးသူဟာ အိုးစည်လွယ်ရတာ အလွန်လေးလှသဗျာ"** ဟုပြောကာ အိုးစည်ကြီးကိုပြန်ပေးပြီး နေအိမ်သို့ ပြန်ပြေးလေသည်။ ဤသို့ဖြင့် **"ရှမ်းရှင်ပြု အိုးစည်လွယ်ရလေးသည်"** ဟု ပြောဆိုလာခဲ့ကြရာမှ "ရှမ်းရှင်ပြုအလွယ်လေး" ဟု ပြောစမှတ်ပြုလာကြခြင်းဖြစ်ပါသည်။

**"မြေပွေးနှင့် ရခိုင်ကိုတွေ့ရင် ရခိုင်ကိုအရင်သတ်"** ဟူသော စကားပုံကိုလည်း လွဲမှားစွာ ယူဆနေကြပါသည်။ အမှန်မှာ မြွေဆိပ်ဖြေဆေး၊ မြွေဆိပ်မပြန့်ပွားရေးအတွက် ရခိုင်ငှက်ပျောပင်ကိုဖြတ်၊ ငှက်ပျောမြစ်၊ ငှက်ပျောပင်မှထွက်လာသော ငှက်ပျောစေးကို အသုံးပြုခြင်းဖြစ်သည်။ တိုင်းရင်းဆေးသုံးစကားဟု သိရပါသည်။ အမှားကြာလျှင် အမှန်ထင်တတ်ကြသဖြင့် သတိထားကြရပါမည်။

ထို့ကြောင့် **"အမျိုးသားစည်းလုံးညီညွတ်ရေး"** တစ်နည်းအားဖြင့် **"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး"** အတွက် အလေးအနက်ထားကြရမည့် တိုင်းရင်းသားစကားပုံများကို ကျွန်တော်သတိရသွားပါသည်။ ထို့ကြောင့် ကျွန်တော် အမြတ်တနိုး မှတ်သားထားသော တိုင်းရင်းသားစကားပုံအချို့ကို မျှဝေပေးလိုပါသည်။

**ကချင် (ဂျိန်းဖော)**

"ညီအစ်ကိုများကို စွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ။ ဖက်နွမ်းခြောက်များကို စွန့်ပစ်ရန် ချောက်ရှိသည်" (ဗမာ) "တောင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးရှိသည်။ သားဆိုး သမီးဆိုးကို ပစ်ရိုးထုံးစံမရှိ" "သံပူညှပ်နှင့် ကိုင်လျှင်မပူ၊ မပြုတ်နိုင်။ အများလက်နှင့် ဝိုင်းကိုင်လိုက်လျှင် မညွတ်နိုင်။ စုပေါင်းလုပ်လျှင် အမြန်အောင်မြင်ပြီးစီးနိုင်တယ်" (ဗမာ) "စုပေါင်းညီညာ အောင်ကြောင်းဖြာ"၊ "စည်းလုံးခြင်းသည် အင်အား"၊ "တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ခြေ၊ ညက်ညက်ကြေ"

**ကယား**

"စကားဖြောင့်လျှင် အပြီးလျင်သည်။ ရေမြောင်းဖြောင့်လျှင် အစီးတွင်သည်"၊ "မသွားဖူးသည့်လမ်းကိုခေါ်တိုင်း မလိုက်နှင့်။ မစားဖူးသည့်အစားကိုကျွေးတိုင်း မစားနှင့်။ ဧည့်သည်က အိမ်ရှင်ကိုနိုင်တတ်တယ်" (ဗမာ) "အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်"

**ကရင်**

"ကိုယ်ကကြောက်လျှင် ရန်သူကလည်းကြောက်"၊ "ငှက်အဖြူဆိုလျှင် အဖြူအုပ်စုမှာပျံ၊ ငှက်အမည်းဆိုလျှင် အမည်းအုပ်စုမှာပျံ"၊ "အလုပ်မလုပ်တတ်လျှင် ညီအစ်ကိုပင် ရန်သူဖြစ်နိုင်သည်"၊ "တစ်ဖက်ကသန်နေလျှင် တစ်ဖက်ကလျှော့ပေး နှစ်ဖက်စလုံးသန်နေလျှင်ကား ထမင်းအိုးကွဲလိမ့်မည်" (ဗမာ)၊ "ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့်"၊ "ရန်စကို တိုစေ၊ ချစ်စကို ရှည်စေ"၊ "ပါးကိုက်နားကိုက်" "အတူတူလုပ်က အလုပ်တွင်" "အတူတူစားလျှင် မြိန်ရှက်သည်။ အတူတူအိပ်လျှင် နွေးသည်" ဟူ၍ဖြစ်သည်။ "ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကိုပြုစုပါ" "ဤကျောက်ဆောင်ထဲမှ ဖားကိုစားလျှင် ဤကျောက်ဆောင်ကိုပြုစုပါ၊ ဤရေအိုင်ထဲမှ ငါးကိုစားလျှင် ဤရေအိုင်ကိုပြုစုပါ" (ဗမာ) "မျောက်သားစားချင် မျောက်မျက်နှာကြည့်"၊ "အရိပ်နေနေ အခက်ချိုးချိုး"

**ချင်း**

"ကိုယ့်မျိုးစေ့ကို ကိုယ်ရိုသေရမည်"၊ "ကြက်အမျိုးပျောက်ခါနီးလျှင် တစ်ကောင်နှင့် တစ်ကောင်ဆိတ်ကြတယ်"၊ (ဗမာ) အိမ်ကြက်ချင်း အိုးမဲသုတ်ခွပ်"၊ "ကျီးတစ်ကောင်အတွက် ကျီးများပျက်"။

"နွားနောက်အဖြူအချင်းချင်း အမည်းအချင်းချင်း ခင်ကြတယ်"

"ဒါခြေ၊ ဒါပခုံး အချင်းချင်းရန်မဖြစ်သင့်၊ ညီအစ်ကိုများဖြစ်တယ်"

"လင်မယားညီညွတ်လျှင် ရွာတစ်ရွာက မတိုက်နိုင်။ ရွာတစ်ရွာညီညွတ်လျှင် ရွာကိုးရွာက မတိုက်နိုင်" (ဗမာ) "ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ" "ညီညွတ်ခြင်းသည် စွမ်းအား"၊ "တစ်ယောက်ကောင်းက တစ်သောင်းပြို"

**မွန်/ တောင်ရိုး**

"ယာနီးချင်းဆွေမျိုးရင်း" "ကျီးလိုဝိုင်းကူညီပြီး ကြက်သွန်ဖြူလိုစုစည်း"

"စု၍စားလျှင် ပျော်သည်။ စု၍လုပ်လျှင် ပြီးသည်။ စု၍လှူလျှင် အကျိုးများသည်"

"ရေရွေးလျှင် သောက်ရန်မရှိ။ မြေရွေးလျှင် နေစရာမရှိ"၊ "မနေတတ်လျှင် နေစရာအိမ်ကျဉ်းမည်" (ဗမာ) "ခင်ရာဆွေမျိုး"၊ "အိမ်နီးချင်းကောင်းမှ လင်ကောင်းရ"၊ "ကောင်းတာလုပ် ရက်ရာဇာ၊ မကောင်းတာလုပ် ပြဿဒါး"

**ပလောင်**

"မိန်းမသွား ပလိုင်းပါစေ၊ ယောကျ်ားသွား ဓားပါစေ"

"အဖေမှန်းအမေမှန်း မသိသောသူသည် အမြီးပေါက်သော ခွေးနှင့်မခြား"

**ပအိုဝ်း**

"ရွာညီလျှင် ကျားမဝင်နိုင်"၊ "အားလုံးညီလျှင် ရွာလုံတယ်" (ဗမာ) "နွားကွဲ ကျားဆွဲ/ ကျားကိုက်" "စည်းလုံးခြင်းသည် အင်အား"

**မရူ**

"သူကြီးမလိမ်မာ ရွာပျက်၊ မြင်းမလိမ္မာ ကြိုးပြတ်"၊ "ကြက်ကအိပ်ပေမယ့် တောကြောင်က မအိပ်ဘူး"၊ "ဘယ်ရွာမှာနေနေ နေတဲ့ရွာကနီးနဲ့ပဲ ချည်ရမယ်" (ဗမာ) "ခေါင်က မိုးမလုံ၊ တံစက်မြိတ်ရေယို"

**မွန်**

"တစ်လှေတည်းစီး၊ တစ်သီချင်းတည်းဆို၊ တစ်ခွက်တည်းသောက်"၊ "ကိုယ့်ပေါင်သူများကိုလှန်မပြနှင့်" "မျက်ခုံးမွေးလည်းမရိတ်နှင့်၊ မင်းအမိန့်လည်းမဖီဆန်နှင့်" (ဗမာ) "တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား"

**ရခိုင်**

"ဝါးကွဲကော၊ ရိုဝင်ရေ" "မျက်ဖြူဆိုက်လီ၊ ဆရာကြိုက်လီ"၊ "ဖိတ်ချင်းဖိတ် ကိုယ့်အိမ်မှာ ဖိတ်ကြရန်"

**ရဝမ်**

"ခွေးဟောင်၍တောင်မရွှေ့"၊ "ရန်သူ့လက်ဆောင်သည် အလွန်ကြောက်မက်ဖွယ်ကောင်း၏"

**ရှမ်း**

"တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူတူနိုင်ရိုးလား"၊ "နွားကွဲလျှင် အမဲသားဖြစ်"၊ "အဝေးမှာရှိသောရေသည် ခြောက်သွေ့သောယာမြေကို မစွတ်စိုနိုင်"၊ "အချောင်း ၁၀၀ ရှိတဲ့မြား လူအများမချိုးနိုင်"၊ "သူများကိုယုံမယ့်အစား အယားပျောက်တဲ့ ကိုယ့်တံတွေးကိုယုံပါ" (ဗမာ) "ကိုယ်ကကျူး ကိုယ့်ဒူးတောင်မယုံရ"

**လရှီ**

"သားကောင်းသည် မိခင်မှ၊ အသီးကောင်းသည် အမြစ်မှ"၊ "တောင်ကိုတန်ဆာဆင်သည်မှာ သစ်ပင်များ၊ ချောင်းကိုတန်ဆာဆင်သည်မှာ ချောက်ကမ်းပါး"

**လီဆူ**

"ဝယ်စားသူက ကျွန်၊ လုပ်စားသူက သခင်"

**လူရှေ (လူရှည်)**

"ကျောက်ဆောင်ကြီးပင် ဖြစ်လင့်ကစား ကျောက်စရစ်ခဲလေးတွေနဲ့ မခုခံရင် မတည်နိုင်" "အိမ်နီးချင်းကိုရန်ပြုခြင်းထက် အခြား ခုနစ်ရွာကို စစ်တိုက်တာက သက်သာတယ်"

**အင်းသား အင်းလေး**

"ပန်းလည်းလှစေ၊ ပျားလည်းဝစေ"

(ဗမာ) "ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာ"

ဖော်ပြပါစကားပုံများသည် တိုင်းရင်းသားလူမျိုးများ၏ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး စိတ်ဓာတ်ကို ထင်ဟပ်ပုံဖော်ထားသော စကားပုံများဖြစ်ပါသည်။

တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်မှုရနိုင်ပြီး လိမ္မာယဉ်ကျေး ပညာဗဟုသုတရစေသော စကားပုံများအပါအဝင် တိုင်းရင်းသားစာပေများကို ဒေသခံတိုင်းရင်းသားလူမျိုးစုများနှင့် ညှိနှိုင်းပြုစုရေးသားကြပါက သမိုင်းမှတ်တမ်းကောင်းများ ရေးထိုးနိုင်မည်ဖြစ်ပါကြောင်း။ ။

**ကျမ်းကိုး**

**ရွှေဥဒေါင်း၏ "မြန်မာစကားပုံ၊ မြန်မာဆိုရိုးစကား"**
**နေ့စဉ်ထုတ်သတင်းစာများထဲမှ မှတ်စု**
**ကျောင်းသုံး ဆဋ္ဌမတန်းမြန်မာဖတ်စာ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များနှင့်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၉၈၆၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီ ယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Dagon Tawwin Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၂၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စဉ့်ကိုင်ကတ္တားအကျော်၌ ယာဉ်တစ်စီး ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၂၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Dutro Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၄၈၁၂၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၇၆၅ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၃၉၁၇၅ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဟသ်ာတမြို့နယ် သုံးပင်ကွင်းရပ်ကွက်၌ လိုင်စင်မဲ့ JLM 110 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၈၃၉၁၇၅ ကျပ်)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်း စစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်းအနီး၌ တရားမဝင် အခြားသစ် ၇ ဒသမ ၈၉၃ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၇၈၈၇၃၆ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၅၁၇၈၈၇၃၆ ကျပ် )ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၁၄၆ တန်၊ သစ်မာ ၁၃ ဒသမ ၉၉၈ တန်၊ အခြားသစ် ၉ ဒသမ ၃၀၄ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၂၇၈၄၀၇၅ ကျပ် )ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၆ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၈၅၅၃၆၅၈၆ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူ များ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော် လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာ ပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “Tun Tun Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံ ရပ်ကွက်နေ ထွန်းထွန်းဝင်း(ခ) စာဂဲလ်ကူးမား အား နံနက် ၉ နာရီ မိနစ် ၂၀ တွင်အောင်မြေသာစံ မြို့နယ် အမှတ်(၅) နယ်မြေရဲစခန်း၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၂-၂၀၂၅ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၅၀ ၂၀၂၅ ခုနှစ်(၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၀၈:၄၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "မြန်ဆုံဦးမယ် ခေါင်လန်ဖူးရယ်"
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၉:၂၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
- ၁၀:၃၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် "အလှပြာဝေ တားစည်မြေ" (အနောက်ပိုးကရင်)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ဇာတ်သိမ်း) "ဆုတောင်းပြည့်ကြယ်တာရာစတာလာ" (အပိုင်း-၄၆)
- ၁၃:၃၀ MRTV National NEWS
- ၁၄:၀၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုဇာတ်လမ်း
- ၁၄:၅၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ်
- ၁၅:၂၅ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက်ထိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၆:၄၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၀ This Week's Special Interest
- ၁၈:၃၀ ပြည်ချစ်သားမွန်တေးသဂီ
- ၁၈:၄၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် 'ပြည်ထောင်စုအမွေပင်လုံမြေ'
- ၁၈:၅၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **"လေနှင်ရာခရီး"** (အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ၂၀၂၄ ခုနှစ် အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားထုတ်လွှင့်မှု အစီအစဉ်

**mitv**

- 07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
- 07:08 The Boat Trip to the Three Islands Around Ngwe Saung
- 07:27 Artistic Values & Aesthetic Traditions
- 07:52 Tastes of Home Land: Steamed Lobster
- 08:01 News
- 08:26 A Song for Unity
- 08:33 Global Updates; The global threat of antimicrobial resistance
- 08:37 Mote Khwe Late from Intaing Village
- 08:46 Chef Life: Tun Tun
- 09:01 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya
- 09:21 The Listening Eye
- 09:36 Dances of Myanmar: Enn Traditional Dance
- 09:40 Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island
- 10:01 News
- 10:26 Union Blood (Pann Nu Yin, Pann Su Thwin)
- 10:32 Topical Topics: Usefulness of Bamboo

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ထဲကချစ်စရာ့ရိုးရာ အိမ်ကလေး

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ဗုဒ္ဓတစ်ထောင် အကောက်တောင်

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တို့ဓလေ့၊ တို့ရိုးရာ၊ တို့အစားအစာ (တာလပေါ့ဟင်းတစ်ခွက်ချက်စားကြမယ်)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
သုတေသနပြုခြင်းမှသည် ထွက်နိုင်းစံမှိုမြန်မာ့စပါးကျီ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဟားစည်မြေမှရောင်စုံအလှ(အပိုင်း-၁)

**ချင်း(လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း

**ချင်း(ချို) (၁၄:၀၀ မှ ၁၅:၀၀)**
အလှပြာဝေတောင်ဖလယ်မြေဒေသအလှဓလေ့ရိုးရာ အစားအစာနှင့်ထွက်ကုန်များ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်ယဉ်ကျေးမှုပြတိုက်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရင်ထဲကလက်မှုပညာ (လှည်းဘီး)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
တစ်နိုင်တစ်ပိုင် ရိုးရာတံမြက်စည်းလုပ်ငန်း

**'ဝ' (၂၁:၀၀ မှ ၂၃:၀၀)**
ထူးဆန်းဖွယ်ရာ 'ဝ' ဓလေ့ရိုးရာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **(ရုရှားနိုင်ငံ)**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"ကျောင်းမှန်မှန်တက်စာမခက်"**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **(စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်းနိုင်ငံ)**
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **(အင်ဒိုနီးရှားနိုင်ငံ)**
- ၁၁:၀၀ ရှေ့သို့ချီမည်....ပန်းတိုင်ဆီ ( အပိုင်း-၃၁)

**MRTV FARMERS' HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ တောင်သူ့ဘဝမြှင့်တင်ဖို့စနစ်ကျလယ်မြေ ဖော်ထုတ်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
- ၁၈:၂၀ The Seeds We Sow
- ၁၉:၂၀ Massive green bean harvest from the front yard trilles
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ **"ရင်ထဲကငွေနှင်းကျင်"** (ဇာတ်လမ်း)
- ၂၂:၀၀ Kikujiro (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၀၀ အားကစားသတင်း
- ၀၇:၄၀ Weekly Sports Info
- ၁၅:၄၅ Myanmar National League football (Live) (Dagon Star Vs Mahar )

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၅)နာရီ (၈)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မော်ဘီမြို့နယ် ဓမ္မဒူတ ဆေကိန္ဒ တက္ကသိုလ်တွင် ပထမအကြိမ် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မော်ဘီမြို့နယ် ဓမ္မဒူတ ဆေကိန္ဒ တက္ကသိုလ်တွင် ပထမအကြိမ် မဟာဘွဲ့နှင်းသဘင်အခမ်းအနားအား ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အခမ်းအနားအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ဓမ္မဒူတ ဆေကိန္ဒ တက္ကသိုလ်၏ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒနှင့် သင်ကြား/စီမံ ဆရာတော်များ၊ ဘွဲ့ခံဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဇော်ဇော်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ အစရှိသော မဟာပဏာမဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား ဓမ္မဒူတ ဆေကိန္ဒ တက္ကသိုလ်၏ သြဝါဒါစရိယဆရာတော်အဖြစ် ချီးမြှောက်စောင့်ရှောက်ပေးတော်မူပါရန် ဓမ္မဒူတ ဆေကိန္ဒ တက္ကသိုလ်၏ ပါမောက္ခချုပ် ဆရာတော်က လျှောက်ထားလွှာ ဆက်ကပ်သည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ သာရဏီယသြဝါဒကထာ နာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ယူဝမ်းမြောက်စကား လျှောက်ထားပြီး ဓမ္မဒူတ ဆေကိန္ဒ တက္ကသိုလ်၏ ပါမောက္ခချုပ်ဆရာတော်ထံမှ သင်ကြား/စီမံ ဆရာတော်များ၊ ဆရာကြီးများက ဂုဏ်ပြုလက်မှတ်များ လက်ခံရယူကြသည်။




ထို့နောက် ဓမ္မဒူတ ဆေကိန္ဒ တက္ကသိုလ် တည်ထောင်သူနှင့် ပါမောက္ခချုပ်ဆရာတော်က ဒေါက်တာဘွဲ့ရဆရာတော်နှစ်ပါးနှင့် MA ဘွဲ့ရဆရာတော် ၂၁ ပါးတို့အား ဘွဲ့တံဆိပ်အဆောင်အယောင်များနှင့်အတူ သက်ဆိုင်ရာဘွဲ့အသီးသီးတို့ကို အပ်နှင်း၍ သမ္မောဒနီယသြဝါဒကထာမြွက်ကြားပြီး မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်

# ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် စုပေါင်းရေစက်သွန်းလောင်း အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့်စုပေါင်းရေစက်သွန်းလောင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ပရိဝုဏ်အတွင်း ကျင်းပသည်။

အခမ်းအနားသို့ သြဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား သြဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ပင့်သံဃာတော်များအား အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်းတယမြို့၌ နိုင်ငံတော်အစိုးရနိကာယ်စာမေးပွဲတွင် ဝိနည်း(၅)ကျမ်း၌ တစ်နိုင်ငံလုံးတွင် ပထမရရှိအောင်မြင်ပြီး

# ဝိနယဝိဒူဘွဲ့ ရရှိတော်မူသော ရှင်စန္ဒကိတ္တိနှင့် ဝိနည်း(၃)ကျမ်းအောင် ရှင်ပညာဖလတို့အား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကျင်းပ

**ပင်းတယ ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မြို့နယ်ဓမ္မာရုံ၌ နိုင်ငံတော်အစိုးရနိကာယ်စာမေးပွဲတွင် အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်း(၅)ကျမ်း၌ တစ်နိုင်ငံလုံးတွင် ပထမရရှိအောင်မြင်ပြီး ဝိနယဝိဒူဘွဲ့ ရရှိတော်မူသော ရှင်စန္ဒကိတ္တိနှင့် ဝိနည်း(၃)ကျမ်းအောင် ရှင်ပညာဖလတို့အား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တစ်နိုင်ငံလုံး၌ ပထမရရှိအောင်မြင်ပြီး ဝိနယဝိဒူဘွဲ့ ရရှိတော်မူသော ရှင်စန္ဒကိတ္တိနှင့် ဝိနည်း(၃) ကျမ်းအောင် ရှင်ပညာဖလတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိန်လင်းအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်ကြီး ဇာနည်စိုးတို့က မော်ကွန်းတင်ဂုဏ်ပြုလွှာနှင့် ဓမ္မပူဇာဝတ္ထုနဝကမ္မတို့ကို ဆက်ကပ်လှူဒါန်းပေးသည်။





ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆွေ့ပရိသတ် အပေါင်းတို့က ရွာငယ် ကျောင်းသစ်ကျောင်း ဆရာတော် ဟောကြားချီးမြှင့်တော်မူသည့် အနုမောဒနာတရားတော်ကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**



# (၂၅)ကြိမ်မြောက် မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**ကန့်ဘလူ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အကြိုဓမ္မပူဇာအဖြစ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို တပို့တွဲလဆန်း ၁၁ ရက် (ဖေဖော်ဝါရီ ၈ ရက်) မွန်းလွဲ ၂ နာရီက အဆိုပါ စေတီတော်လိုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မြို့နယ်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နတ်ပေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တက္ကန္ဒောဘာသထံတော်မှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၏ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

**ရွတ်ဖတ်ပူဇော်**

ထို့နောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းကို အလှည့်ကျ ဆရာတော်များက ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# နာနတ်လျှော်အကြောင်း သိကောင်းစရာ

ရွှေဇင်မင်းလှိုင်



ဂုန်လျှော်နှင့် အခြားအရေးပါသော လျှော်မျှင်များတွင် ပင်စည်မှ ရရှိသည့် နူးညံ့သောလျှော်မျှင်များနှင့် အပင်နှင့်အရွက်မှ ရရှိသည့် မာသောလျှော်မျှင်များဟူ၍ နှစ်မျိုးရှိပါသည်။ ပင်စည်မှရရှိသည့် နူးညံ့သောလျှော်မျှင်များမှာ ဂုန်လျှော်သီးလုံးပု [Jute (White)]၊ ဂုန်လျှော်သီးတောင့်ရှည် [Jute (Tossa)]၊ ချဉ်ပေါင်လျှော်(Kenaf)၊ ချဉ်ပေါင်လျှော် (Rosella/ Mesta)၊ ဓီသွာလျှော် [Flax(Linen)]၊ ရာမီလျှော် [Ramie (China Grass)]၊ ဘန်လျှော် (Hemp)၊ ပိုက်ဆံလျှော် (Sunn Hemp) တို့ဖြစ်ပြီး အပင်နှင့်အရွက်မှရရှိသည့် မာသောလျှော်မျှင်များမှာ နာနတ်လျှော်(Sisal)၊ ငှက်ပျောလျှော်(Abaca/ Manila Hemp) တို့ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်နှင့် ပိုက်ဆံလျှော်တို့ကိုသာ စီးပွားဖြစ်စိုက်ပျိုးကြသည်။

**နာနတ်လျှော် (Sisal)**

နာနတ်လျှော်၏ သိပ္ပံအမည်မှာ agave sisalana ဖြစ်ပြီး မျိုးရင်းမှာ Asparagaceae ဖြစ်ပါသည်။ နာနတ်လျှော်၏ မူရင်းဒေသမှာ ဗဟိုအမေရိကဒေသဖြစ်ပြီး ၎င်းမှတစ်ဆင့် ၁၉ ရာစုခန့်တွင် အပူပိုင်းဒေသများဖြစ်သည့် ဘရာဇီး၊ ကျူးဘားနှင့် တန်ဇန်းနီးယားအပါအဝင် ခြောက်သွေ့သောရာသီဥတုရှိသည့် အခြားနိုင်ငံများသို့ စမ်းသပ်စိုက်ပျိုးလာခဲ့ရာမှ ယနေ့အချိန်တွင် စီးပွားဖြစ်တွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်လာကြသည်။ လက်ရှိ အဓိကစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများမှာ ဘရာဇီးနိုင်ငံနှင့် တန်ဇန်းနီးယားနိုင်ငံတို့ဖြစ်ပါသည်။ စီးပွားဖြစ် တွင်ကျယ်စွာစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများမှာ ဘရာဇီး၊ တန်ဇန်းနီးယား၊ မက္ကဆီကို၊ ကင်ညာ၊ မဒါဂတ်စကာနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ဟက်တာ ၄၂၈၀၀၀ ခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

နာနတ်လျှော်သည် မာကျောသောပင်စည်၏ ပတ်လည်မှ အရွက်များ ဓားသွားသဏ္ဍာန် ထွက်ပေါ်လာခြင်းဖြစ်သည်။ နာနတ်လျှော်ပင်သည် အမြင့် သုံး-၁၀ ပေခန့်ရှိတတ်သည်။ သက်တမ်းရင့်အပင်များတွင် အမြင့် ၁၀-၂၅ ပေထိ ရောက်ရှိနိုင်သော ဗဟိုပန်းပွင့်ဟုခေါ်သည့် အဝါရောင်ပန်းပွင့်များ ထွက်ပေါ်လေ့ရှိသည်။ အရွက်များသည် ဓားသွားသဏ္ဍာန်ရှိသည်။ အပင်တစ်ပင်လျှင် အရွက် ၁၈၀-၂၄၀ ခန့် ထုတ်ယူနိုင်သည်။ နာနတ်လျှော်ပင်၏ အရွက်များသည် မီးခိုးရောင်၊ အစိမ်းရင့်ရောင်၊ အညိုရောင်ရှိသည်။ အရွက်များသည် အမြင့် နှစ်-ခြောက်ပေ အထိရှိပြီး အလျား လေး-ခုနစ်လက်မခန့်အထိ ရှိတတ်သည်။ နာနတ်ရွက်တစ်ရွက်တွင် အမျှင်ပေါင်း ၁၀၀၀ ခန့်ပါရှိသည်။

နာနတ်လျှော်ပင်သည် အပူချိန် ၂၅ ဒီဂရီဆဲလ်စီးယပ်အထက်တွင်ရှိသည့် ပူပြင်းသောရာသီဥတုနှင့် မိုးနည်းသောဒေသများတွင် အလွန်မာကျောသောမြေ၌ တစ်နှစ်ပတ်လုံးကောင်းမွန်စွာ စိုက်ပျိုးဖြစ်ထွန်းသည်။ ရွံ့မြေတွင် ပေါက်ရောက်နိုင်မှုမရှိပေ။ စိုက်ပျိုးမည့်မြေသည် pH ၄-၆ အတွင်းရှိရမည်။ မျှော်လင့်သောသဘာဝဘေးများကြောင့် အခြားသီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုရှိသော်လည်း နာနတ်လျှော်ပင်သည် ပျက်စီးဆုံးရှုံးမှု လွန်စွာနည်းပါးသောသီးနှံဖြစ်သည်။

နာနတ်လျှော်ပင်သည် နှစ်ရှည်သီးနှံပင်ဖြစ်သည်။ စိုက်ပျိုးပြီး ၂၄-၃၆ လမှစတင်၍ ရိတ်သိမ်းနိုင်သည်။ ခြောက်-ကိုးလခြား၍ ဆက်လက်ရိတ်သိမ်းနိုင်သည်။ အပင်မှအရွက်များသည် အဖျားတွင် ဆူးရှိပြီး အညိုရင့်ရောင်မှ အညိုဖျော့သို့ပြောင်းသွားသည့် မှည့်သော အရွက်များကို ဓားဖြင့်ခုတ်ဖြတ်၍ ရိတ်သိမ်းရသည်။ အပင်ပေါ်တွင် ၃၅-၄၅ ရွက်ခန့် ချန်ထားသင့်သည်။ ခုတ်ဖြတ်၍ရရှိလာသောအရွက်များကို စက်ထဲသို့ထည့်ကာ ကြိတ်ချေခြင်းဖြင့် အရည်ရွှမ်းသော အစိတ်အပိုင်းများကို ဖယ်ရှားပစ်ပြီး အမျှင်များရရှိပါသည်။ လျှော်မျှင်မှာ တစ်မီတာထိ ရှည်လျားနိုင်ပါသည်။ နာနတ်လျှော်ကို အများအားဖြင့် စက်ဖြင့်ခွာယူသကဲ့သို့ လက်ဖြင့်လည်းခွာယူနိုင်သည်။ ပျမ်းမျှတစ်ဧကလျှင် လျှော်မျှင် ၂၅၀-၃၀၀ ပိဿာခန့် ထွက်ရှိနိုင်သည်။ နာနတ်လျှော်ပင် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းကို တစ်နှစ်ပတ်လုံးဆောင်ရွက်နိုင်သည်။

နာနတ်လျှော်ပင်၏ဝတ်ရည်သည် သကြားအချိုဓာတ်နှင့် တူညီစွာ အကျိုးရှိသည်။ နာနတ်လျှော်အရွက်တွင်ပါဝင်သည့် Saponins သည် ကင်ဆာဆဲလ်များကို နှောင့်နှေးစေပါသည်။

**အသုံးပြုပုံ**

နာနတ်လျှော်ပင်မှရရှိသော လျှော်မျှင်များကို ရှေးယခင်က ကြိုးနှင့်ချည်များအတွက် အသုံးပြုကြပြီး ယခုအခါ စက္ကူမွေ့ရာ၊ ကော်ဇော၊ နံရံကပ်စက္ကူနှင့် လက်မှုပစ္စည်း အသုံးအဆောင်များ ထုတ်လုပ်သောလုပ်ငန်းများတွင် အသုံးပြုပါသည်။ ဘေးထွက်ပစ္စည်းများကို ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ ဆေးဝါးဖော်စပ်ခြင်းနှင့် အဆောက်အအုံဆောက်လုပ်သည့် လုပ်ငန်းများတွင် အသုံးပြုပါသည်။ ကြိုးအမျိုးမျိုး၊ ဦးထုပ်၊ ဖိနပ်နှင့် အိတ်အမျိုးမျိုးထုတ်လုပ်ရာတွင်လည်း အသုံးပြုကြသည်။

လက်ရှိ အသုံးပြုနေသည့်စနစ်အရ နာနတ်လျှော်မှ Fiber အဖြစ် လေးရာခိုင်နှုန်းအသုံးပြုပြီး ကျန်စွန့်ပစ်ပစ္စည်းများ၏ ၈၀ ရာခိုင်နှုန်းကို ပျော့ဖတ်၊ ဇီဝဓာတ်ငွေ့နှင့် သဘာဝမြေဩဇာအဖြစ် အသုံးပြုကြပါသည်။ နာနတ်လျှော်ပင်ကို အိမ်ခြံဝင်းနှင့် သီးနှံစိုက်ခင်းများအား သားရဲတိရစ္ဆာန်များ မဖျက်ဆီးနိုင်စေရန် စည်းရိုးအနေဖြင့် စိုက်ပျိုးကြသည်။ ဥယျာဉ် ခြံများတွင်လည်း အလှစိုက်ပင်အဖြစ် တခါတစ်ရံတွေ့ရတတ်သည်။

**ဈေးကွက်**

နာနတ်လျှော်ကို ဘရာဇီး၊ တန်ဇန်းနီးယား၊ မက္ကဆီကို၊ ကင်ညာနှင့် မဒါဂတ်စကာနိုင်ငံများမှ နှစ်စဉ်တန်ချိန်ပေါင်းများစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ၎င်းတို့မှထွက်ရှိသောကုန်ကြမ်းများကို တရုတ်နိုင်ငံက အဓိကဝယ်ယူသည်။ တရုတ်နိုင်ငံသည် နာနတ်လျှော်ကုန်ကြမ်းများကို ကုန်ချောထုတ်လုပ်ကာ နှစ်စဉ်ပြည်ပသို့ တန်ချိန်ပေါင်းများစွာ တင်ပို့သည်ဟု သိရှိရပါသည်။

မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အနည်းငယ်ခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ နာနတ်လျှော်ကို မြန်မာနိုင်ငံ၌ တွင်ကျယ်စွာစိုက်ပျိုးခြင်းမရှိသော်လည်း ကမ္ဘာ့ဈေးကွက်တွင် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးထုတ်လုပ်သော သီးနှံတစ်မျိုးဖြစ်ကြောင်း ဗဟုသုတအဖြစ် သိရှိနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။ ။



> **"နာနတ်လျှော်ပင်၏ဝတ်ရည်သည် သကြားအချိုဓာတ်နှင့် တူညီစွာ အကျိုးရှိသည်။ နာနတ်လျှော်အရွက်တွင်ပါဝင်သည့် Saponins သည် ကင်ဆာဆဲလ်များကို နှောင့်နှေးစေပါသည်။ နာနတ်လျှော်ပင်မှရရှိသော လျှော်မျှင်များကို ရှေးယခင်က ကြိုးနှင့်ချည်များအတွက် အသုံးပြုကြပြီး ယခုအခါ စက္ကူမွေ့ရာ၊ ကော်ဇော၊ နံရံကပ်စက္ကူနှင့် လက်မှုပစ္စည်း အသုံးအဆောင်များ ထုတ်လုပ်သောလုပ်ငန်းများတွင် အသုံးပြုပါသည်။ ဘေးထွက်ပစ္စည်းများကို ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ ဆေးဝါးဖော်စပ်ခြင်းနှင့် အဆောက်အအုံ ဆောက်လုပ်သည့်လုပ်ငန်းများတွင် အသုံးပြုပါသည်။ ကြိုးအမျိုးမျိုး၊ ဦးထုပ်၊ ဖိနပ်နှင့် အိတ်အမျိုးမျိုးထုတ်လုပ်ရာတွင်လည်း အသုံးပြု"**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်မည်ဟု အာဂျင်တီးနားနိုင်ငံသမ္မတ ဂျာဗီယာမီလိုင် ပြောကြား



**ဗျူနိုအေးရိစ် ဖေဖော်ဝါရီ ၉**

အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်မည်ဖြစ်ကြောင်း သမ္မတ ဂျာဗီယာမီလိုင် က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အာဂျင်တီးနားနိုင်ငံ နုတ်ထွက်ရန် သမ္မတ ဂျာဗီယာမီလိုင်က နိုင်ငံခြားရေးဝန်ကြီး ဂျီရာဒိုဝတ်သိန်းအား ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အာဂျင်တီးနားသမ္မတ မီလိုင်တို့သည် ရင်းနှီးသည့်ဆက်ဆံရေးရှိကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုသည် ကမ္ဘာ့နိုင်ငံများအကြား တန်းတူညီမျှစွာ ဆောင်ရွက်မှုမရှိသည့်အတွက် ယခုကဲ့သို့ နုတ်ထွက်ခြင်းဖြစ်ကြောင်း အာဂျင်တီးနားသမ္မတ၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထို့ပြင် ကပ်ရောဂါကာလအတွင်း ကျန်းမာရေးစီမံခန့်ခွဲမှုများဆောင်ရွက်ရာတွင် နိုင်ငံအချို့၏ လွှမ်းမိုးခြယ်လှယ်မှုအောက်တွင် လုပ်ငန်းများကို စီမံခန့်ခွဲခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အမေရိကန်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အကြီးဆုံးသော အလှူရှင်နိုင်ငံဖြစ်သည်။ အမေရိကန်နိုင်ငံ နုတ်ထွက်မှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အဟန့်အတားများဖြစ်ပေါ်မည်ကို ပြည်သူများက စိုးရိမ်လျက်ရှိစဉ် အာဂျင်တီးနားနိုင်ငံက ယခုကဲ့သို့ နုတ်ထွက်ရန် ကြေညာခြင်းဖြစ်သည်။

ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်တားဆီးရန် နိုင်ငံတကာ မူဘောင်ဖြစ်သည့် ပါရီသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်သည့် သမ္မတ ထရမ့်၏ ဆုံးဖြတ်ချက်အပေါ် အာဂျင်တီးနားသမ္မတ မီလိုင်က ထောက်ခံကြောင်းပြောကြားပြီး ၎င်းအနေဖြင့်လည်း ပါရီသဘောတူညီချက်မှ နုတ်ထွက်ရန် သုံးသပ်လျက်ရှိကြောင်း ပြောကြားသည်။

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ထရမ့်အနိုင်ရရှိပြီးနောက် ရွေးကောက်ခံသမ္မတနှင့် တွေ့ဆုံသည့် ပထမဆုံးနိုင်ငံခြားခေါင်းဆောင်ဖြစ်သည့်အပြင် ထရမ့်၏သမ္မတ ကျမ်းသစ္စာ ကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံ့ခေါင်းဆောင် လည်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# တောင်ကိုရီးယားနိုင်ငံရှိ လေဆိပ်အားလုံးတွင် မီးလောင်မှု ကြိုတင်စောင့်ကြည့်ရေး ကင်မရာနှင့် ငှက်စောင့်ကြည့်ရေး ရေဒါများတပ်ဆင်မည်

**ဆိုးလ် ဖေဖော်ဝါရီ ၉**

တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်း ယမန်နှစ်က မတော်တဆမှုဖြစ်ပွားပြီးနောက် တောင်ကိုရီးယားနိုင်ငံရှိ လေဆိပ်အားလုံးတွင် မီးလောင်မှုကြိုတင်စောင့်ကြည့်ရေး ကင်မရာနှင့် ငှက်စောင့်ကြည့်ရေး ရေဒါများတပ်ဆင်ရန် တောင်ကိုရီးယားတာဝန်ရှိသူများက ညွှန်ကြားခဲ့ကြောင်း ယနေ့ဗွီအင်န်အိတ်ပရက်သတင်းဌာနမှ သိရသည်။

ယမန်နှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ထိုင်းနိုင်ငံမှ တောင်ကိုရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ မူအမ်လေဆိပ်သို့ ပျံသန်းလာသည့် ခရီးသည် ၁၈၁ ဦး လိုက်ပါလာသည့် ခရီးသည်တင်လေယာဉ်သည် မူအမ်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ရန် ကြိုးပမ်းစဉ် အရှိန်ထိန်း ကွန်ကရစ်တံုးနှင့်တိုက်မိပြီး မီးလောင်ပေါက်ကွဲခဲ့ရာ ခရီးသည် ၁၇၉ ဦး သေဆုံးခဲ့သည်။

၎င်းလေယာဉ်အား လေယာဉ်မှူးက အရေးပေါ်ဆင်းသက်ရန် နှစ်ကြိမ်ကြိုးပမ်းခဲ့ရာတွင် ပထမအကြိမ်တွင် ငှက်အုပ်များလေယာဉ်အင်ဂျင်အတွင်း ဝင်ရောက်တိုက်မိခဲ့ကြောင်း လေယာဉ်မှူးက လေကြောင်းထိန်းမျှော်စင်သို့အကြောင်းကြားခဲ့ပြီး ဒုတိယအကြိမ် ထပ်မံဆင်းသက်ရန် ကြိုးပမ်းစဉ်တွင် လေယာဉ်ဘီးချ၍မရဘဲ မတော်တဆမှုဖြစ်ပွားကာ မီးလောင်ပေါက်ကွဲခြင်းဖြစ်သည်။

လေကြောင်းမတော်တဆမှုများကို ကာကွယ်ရေးအတွက် လာမည့်နှစ်မှစတင်၍ နိုင်ငံအတွင်းရှိ လေဆိပ်တိုင်းတွင် မီးလောင်မှုကြိုတင်စောင့်ကြည့်ရေးကင်မရာတစ်ခုစီနှင့် ငှက်စောင့်ကြည့်ရေး ရေဒါများကို တပ်ဆင်မည်ဟု မြေယာဝန်ကြီးဌာနက ပြောကြားသည်။

ယခုအသုံးပြုမည့် ရေဒါသည် ငှက်၏အရွယ်အစားနှင့် ၎င်း၏ ရွေ့လျားမှုလမ်းကြောင်းများကို သိရှိနိုင်မည်ဖြစ်ပြီး အဆိုပါအချက်အလက်များကို လေကြောင်းထိန်းမျှော်စင်မှတစ်ဆင့် လေယာဉ်မှူးထံ ပေးပို့မည်ဖြစ်သည်။

ပျက်ကျခဲ့သည့် ဂျယ်ဂျူလေကြောင်းလိုင်း လေယာဉ်၏ အင်ဂျင်များတွင် ငှက်အမွေးများ တွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာများက ပြောကြားသည်။

**ကိုးကား–ဗွီအင်န်အိတ်ပရက်**

**ဘာသာပြန်–စိုးသူရ**

# အစ္စရေးနိုင်ငံက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (UNHRC) မှ နုတ်ထွက်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒီရန်ဆာ ပြောကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၉**

အစ္စရေးနိုင်ငံသည် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီ (UNHRC) မှ နုတ်ထွက်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒီရန်ဆာက ပြောကြားသည်။

လူ့အခွင့်အရေး ကာကွယ်ပေးမှုကို အဓိကထားဆောင်ရွက်သည့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသည် ဘက်လိုက်မှုများစွာ ရှိနေသည့်အတွက် အစ္စရေးနိုင်ငံ နုတ်ထွက်ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂီဒီရန်ဆာက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ (UNHRC) မှ အမေရိကန်နိုင်ငံ နုတ်ထွက်သည့် အမိန့်စာတစ်ရပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီ ၃ ရက်တွင် လက်မှတ်ရေးထိုးပြီးနောက် ယခုကဲ့သို့ ထွက်ပေါ်လာခြင်းဖြစ်သည်။

ထို့ပြင် ကုလသမဂ္ဂအဖွဲ့သည် အရှေ့အလယ်ပိုင်းတွင် ဒီမိုကရေစီနိုင်ငံဖြစ်သည့် အစ္စရေးနိုင်ငံအပေါ် ဝေဖန်ရှုတ်ချမှုများ ရှိကြောင်းနှင့် အစ္စရေးနိုင်ငံအား တိုက်ခိုက်ရန် နိုင်ငံရေးလက်နက်တစ်ခုအဖြစ် အသွင်ဆောင်နေကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒီရန်ဆာက ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီဥက္ကဋ္ဌ ဂျာ့လော်ဘာထံသို့ ပေးပို့သည့် ပေးစာတစ်စောင်တွင် ရေးသားခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သည့် အစ္စရေး–ဟားမတ်စ် ပဋိပက္ခ စတင်ချိန်မှစပြီး ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီသည် နှစ်ဖက်စလုံးမှ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးလျက်ရှိပြီး အကြံပြုချက်များကိုလည်း ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီ၏သဘောထားကို ပြုပြင်ပြောင်းလဲမည်ဆိုပါက အစ္စရေးနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ထံ ပြန်လည်ဝင်ရောက်မည် ဖြစ်ကြောင်း ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အစ္စရေးအမြဲတမ်းကိုယ်စားလှယ် ဒါနီရယ်မီရွန်က သတင်းထောက်များအားပြောကြားသည်။

အစ္စရေး၏ ဆုံးဖြတ်ချက်သည် ဝါရှင်တန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမဟုတ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းပြည်နယ် စီချွမ်တောင်တန်းဒေသ၌ မြေပြိုမှု ဖြစ်ပွား၊ ၂၉ ဦး ပျောက်ဆုံး

**ပေကျင်း ဖေဖော်ဝါရီ ၉**

တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းပြည်နယ် စီချွမ်တောင်တန်းဒေသတွင် ဖေဖော်ဝါရီ ၈ ရက်က မြေပြိုမှု ဖြစ်ပွားခဲ့ရာ ၂၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

စီချွမ် တောင်တန်းဒေသ ယီဘင်မြို့ ဂျန်လီယန် စီရင်စု ဂျင်ပင်ရွာတွင် ဖေဖော်ဝါရီ ၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် မြေပြိုမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြေပြိုမှုကြောင့် အိမ်ခြေ ၁၀ လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။ နယ်မြေခံရဲအရာရှိများနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အနီးပတ်ဝန်းကျင်ရှိ ဒေသခံ ၂၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် ဘူမိဗေဒအခြေအနေများကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပျောက်ဆုံးသူများကို ကယ်ဆယ်ရန်နှင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဘေးအန္တရာယ်များအတွက် ကာကွယ်တားဆီးရန် တာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာဒေသရှိ နာဇရမ်စင်္ကြံမှ အစ္စရေးတပ်ဖွဲ့များ စတင်ဆုတ်ခွာ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၉**

အစ္စရေး–ဟားမတ်စ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဂါဇာဒေသရှိ နာဇရမ်စင်္ကြံမှ အစ္စရေးတပ်ဖွဲ့များ စတင်ဆုတ်ခွာခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားသည်။

အစ္စရေးတပ်မတော်သည် ဂါဇာဒေသကို ၁၅ လကြာ တိုက်ခိုက်မှုအတွင်း ၎င်းစင်္ကြံတွင် စခန်းများ ထူထောင်ခဲ့သည်။

ဆိုရှယ်မီဒီယာ၌ပျံ့နှံ့နေသည့် ဗီဒီယိုဖိုင်တွင် အစ္စရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ အခြေစိုက်စခန်းရှိ ပရိဘောဂများနှင့် သေတ္တာများ မီးရှို့နေသည်ကို မြင်တွေ့ရသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲရေးသည် ဇန်နဝါရီ ၁၉ ရက်က စတင်အသက်ဝင်ခဲ့သည်။ ၎င်းသဘောတူညီချက်အရ အစ္စရေးသည် ၎င်း၏တပ်ဖွဲ့များကို ဂါဇာဒေသမှ ဆုတ်ခွာရန် ကတိပြုခဲ့သည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# တိုက်စစ်မှူး အမ်ဘတ်ပီရဲ့သွင်းဂိုးနဲ့ သရေတစ်မှတ်ရရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်း ဇယားထိပ်၌ ဆက်လက်ဦးဆောင်



ရီးယဲလ်မက်ဒရစ်အသင်းဟာ ဖေဖော်ဝါရီ ၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်(၂၃)မှာ တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ သွင်းဂိုးနဲ့ သရေတစ်မှတ်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

**သရေတစ်မှတ်ရရှိ**

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းက ပထမပိုင်းပွဲကစားချိန် ၃၅ မိနစ်မှာ ရရှိခဲ့တဲ့ အယ်လ်ဗာရက်ဇ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းက ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၅၀ မှာ အမ်ဘတ်ပီရဲ့ သွင်းဂိုးရရှိခဲ့လို့ သရေတစ်မှတ်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ တိုက်စစ်မှူး အမ်ဘတ်ပီဟာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ လာလီဂါသွင်းဂိုး ၁၆ ဂိုးအထိ ရှိသွားခဲ့ပြီးလည်း ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ အက်သလက်တီကို မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ်(၂၃)အပြီးမှာ မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းကို တစ်မှတ်ဖြတ်ထားပြီး ဘာစီလိုနာအသင်းကို ငါးမှတ်အထိ ဖြတ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ လက်ရှိအချိန်မှာ စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ၁၆ သင်းအဆင့်ကို တိုက်ရိုက်တက်လှမ်းခွင့်နဲ့ လွဲခဲ့ရတာကြောင့် play-offs ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရဦးမှာလည်း ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းဟာ ဘုန်းမောက်အသင်းမှ အသက် ၂၅ နှစ်အရွယ်ရှိ ဂါနာတိုက်စစ်မှူး ဆီမန်ယိုအား ပြောင်းရွှေ့ကြေးပေါင် ၄၁ ဒသမ ၆ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းဟာ ဖီယင်နူအသင်းမှ ဆလိုဗက်ကီးယား နောက်တန်းကစားသမား ဒေးဗစ်ဟက်ကိုအား နွေရာသီဈေးကွက်အတွင်း ခေါ်ယူရန် စောင့်ကြည့်မှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။
- အသက် ၃၁ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းဟာ လာမယ့်နှစ်မှာ လက်ရှိကလပ် ဘိုင်ယန်မြူးနစ်အသင်းကနေ အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့မှာဖြစ်တယ်လို့သိရပါတယ်။
- ရီးယဲလ်မက်ဒရစ်အသင်းဟာ နွေရာသီဈေးကွက်အတွင်းမှာ ဗဟိုနောက်ခံကစားသမား နှစ်ဦးကို ခေါ်ယူသွားမှာဖြစ်ပြီး အဲဒီကစားသမားနှစ်ဦးထဲမှာ အာဆင်နယ်အသင်းမှ ပြင်သစ်နောက်တန်းကစားသမား ဆာလီဘာလည်း ပါဝင်နေတယ်လို့ သိရပါတယ်။

# တိုက်စစ်မှူး အန်တိုနီ ပထမဆုံးသွင်းဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ရီးယဲလ်ဘတ်တစ်အသင်း ဆယ်လ်တာဗီဂိုကို ရှုံးနိမ့်ခဲ့ရ

မန်ယူအသင်းကနေ စပိန်လာလီဂါကလပ် ရီးယဲလ်ဘတ်တစ်အသင်းဆီကို ပြောင်းရွှေ့ခဲ့တဲ့ တိုက်စစ်မှူး အန်တိုနီဟာ ရီးယဲလ်ဘတ်တစ်အသင်းနဲ့အတူ ပထမဆုံးသွင်းဂိုး သွင်းယူနိုင်ခဲ့ပေမယ့် အဲဒီပွဲစဉ်မှာ ဆယ်လ်တာဗီဂိုအသင်းကို ရှုံးနိမ့်ခဲ့ပါတယ်။

**ရှုံးပွဲကြုံတွေ့**

ဆယ်လ်တာဗီဂိုအသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းတို့ပွဲစဉ်မှာ ရီးယဲလ်ဘတ်တစ်အသင်းက ပထမပိုင်းပွဲကစားချိန် ၁၀ မိနစ်မှာ အန်တိုနီရဲ့သွင်းဂိုး၊ ၂၂ မိနစ်မှာ ဒီယေဂိုလော်ရန်တီရဲ့ သွင်းဂိုးတို့နဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်မှာ ဘယ်လ်ထရန်၊ ၆၅ မိနစ်မှာ ဂျာဗီရိုဒရိဂတ်ဇ်၊ ၈၇ မိနစ်မှာ ဆွိဘတ်တို့ရဲ့ သွင်းဂိုးတွေခွင့်ပြုပေးလိုက်ရလို့ ရှုံးပွဲကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။



အသက် ၂၄ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး အန်တိုနီဟာ အိုးထရက်ဖို့ဒ်မှာ နှစ်နှစ်ခွဲကြာ ပါဝင်ကစားခဲ့ရာမှာ အကောင်းဆုံးပုံစံပျောက်ဆုံးခဲ့ရတာကြောင့်ယခုဘောလုံးရာသီကုန်အထိရီးယဲလ်ဘတ်တစ်အသင်းဆီကို အငှားစာချုပ်နဲ့ ပြောင်းရွှေ့ခဲ့သူလည်း ဖြစ်ပါတယ်။

ရီးယဲလ်ဘတ်တစ်အသင်းဟာ ဆယ်လ်တာဗီဂိုအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ၂၃ အပြီးမှာ ရမှတ် ၂၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရပ်တည်လျက်ရှိပြီး ဆယ်လ်တာဗီဂိုအသင်းကတော့ ရီးယဲလ်ဘတ်တစ်အသင်းကို အနိုင်ရရှိခဲ့လို့ စပိန်လာလီဂါအမှတ်ပေးဇယားအဆင့်(၁၂)နေရာမှာ ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။

# ချယ်လ်ဆီးအသင်းကို အနိုင်ရပြီး ဘရိုက်တန်အသင်း အက်ဖ်အေဖလား နောက်တစ်ဆင့်တက်လှမ်း

ဖေဖော်ဝါရီ ၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘရိုက်တန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်မှာ ဘရိုက်တန်အသင်းက ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလား နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ပထမပိုင်းပွဲကစားချိန် ငါးမိနစ်မှာ ဘရိုက်တန်ကစားသမား ဗာဘရက်ဂန်ရဲ့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလို ဖြစ်ခဲ့တဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပေမယ့် ဘရိုက်တန်အသင်းက ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်မှာ ရက်တာရဲ့သွင်းဂိုး၊ ၅၇ မိနစ်မှာ မီတိုမာရဲ့သွင်းဂိုးတို့ ရရှိခဲ့လို့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘရိုက်တန်အသင်းနဲ့အတူ သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး မီတိုမာဟာ ဘရိုက်တန်အသင်း အတွက် လက်ရှိအချိန်အထိ အကောင်းဆုံး ခြေစွမ်းပြ ကစားထားနိုင်ခဲ့တာကြောင့် ဆော်ဒီအာရေဗျကလပ် အယ်လ်နားဆား အသင်းက ဇန်နဝါရီဈေးကွက်မပိတ်သိမ်းမီ အချိန်အထိ ပြောင်းရွှေ့ကြေးပေါင် ၅၄ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းခံခဲ့ရတာဖြစ်ပေမယ့် ဘရိုက်တန်အသင်းက ငြင်းဆိုခဲ့တာ ဖြစ်ပါတယ်။

ဘရိုက်တန်အသင်းဟာ ၁၉၈၃ ခုနှစ်က အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခဲ့ပြီးနောက်ပိုင်း အသင်းရဲ့သမိုင်းတစ်လျှောက်မှာ အဓိကဆုဖလား ရရှိမှုနဲ့ ဝေးကွာခဲ့ရတာဖြစ်ပါတယ်။



**ငွေကြယ် - ရေးသားသည်**

# လာဇီယိုအသင်းက မွန်ဇာအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အီတလီစီးရီးအေ အမှတ်ပေးဇယား အဆင့်(၄)နေရာတက်လှမ်း

လာဇီယိုအသင်းနဲ့ မွန်ဇာအသင်းတို့ ဖေဖော်ဝါရီ ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်(၂၄)မှာ လာဇီယိုအသင်းက မွန်ဇာအသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် လာဇီယိုအသင်းဟာ အမှတ်ပေးဇယားအဆင့်(၄)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်လာဇီယိုအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၃၁ မိနစ်မှာ မာရူဆစ်က တစ်ဂိုး၊ ၅၇ မိနစ်နဲ့ ၇၇ မိနစ်တို့မှာ ပက်ဒရိုကနှစ်ဂိုး၊ ၆၃ မိနစ်မှာ ကတ်စတယ်လာနော့စ်က တစ်ဂိုး၊ ၈၆ မိနစ်မှာ ဘာရှီရူက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

လာဇီယိုအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် စီးရီးအေ ၂၄ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၅)နေရာက ဂျူဗင်တပ်အသင်းကို နှစ်မှတ်ဖြတ်ကာ အဆင့်(၄)နေရာသို့ တက်လှမ်းခွင့်ရရှိတာဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ ရိုးမားအသင်းက ဗီနီဇီယာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကာဂလီယာရီအသင်းက ပါးမားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တိုရီနိုအသင်းနဲ့ ဂျီနိုအာအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

❒ ညောင်ရွှေမြို့မှ

ပြိုင်ပွဲမကျင်းပမီနှင့် ပြိုင်ပွဲခေတ္တရပ်နားနေစဉ်ကာလများ၌ တိုင်းရင်းသားရိုးရာအကအလှများ၊ ဆွမ်းပို့လှေသရုပ်ပြလှော်ခတ်မှုများနှင့် တင်ဆက်ဖျော်ဖြေခဲ့ကြပြီး ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဖေ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ဒေသခံပြည်သူများနှင့် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက အမျိုးသား(၄၆)တက်ပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့သည့် ဝမ်းဘဲအင်းအသင်းနှင့် ဒုတိယဆုရရှိခဲ့သည့် အိုင်ထောင့်ကြီး(က)အသင်း၊ ပြည်နယ်ဥပဒေချုပ်က နှစ်သိမ့်ဆုရရှိခဲ့ကြသည့် မိုင်းသောက်အင်းအသင်းနှင့် အိုင်ထောင့်ကြီး(ခ)အသင်း၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက အမျိုးသမီး (၂၆)တက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အိုင်ထောင့်ကြီး(က)အသင်းနှင့် အိုင်ထောင့်ကြီး(ခ) အသင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝေက အမျိုးသမီး (၂၆)တက် ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိခဲ့ကြသည့် ညောင်ဝန်းအသင်းနှင့် မိုင်းသောက်အင်းအသင်း၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က ကျောင်းသား(၂၆)တက် ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အိုင်ထောင့်ကြီး(က)အသင်းနှင့် ဒုတိယဆုရရှိခဲ့သည့် ကေလာ(က)အသင်း၊ ပြည်နယ်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က နှစ်သိမ့်ဆုရရှိခဲ့ကြသည့် အိုင်ထောင့်ကြီး(ခ) အသင်းနှင့် ကေလာ(ခ)အသင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်က ဆွမ်းပို့လှေသရုပ်ပြအဖွဲ့နှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## နေပြည်တော်ဒက္ခိဏမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာစိုက်ထူ



**ဒက္ခိဏ ဖေဖော်ဝါရီ ၉**

ရေဝတီတိုင်းဒေသကြီး ဒက္ခိဏမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာစိုက်ထူခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁၀)ရပ်ကွက် လွတ်လပ်ရေးပန်းခြံရှေ့နှင့် အမှတ်(၁၈)ရပ်ကွက် မီးပွိုင့်လမ်းဆုံတို့တွင် စိုက်ထူခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူနှင့် တာဝန်ရှိသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များပါဝင်သော မြေစိုက်ပိုစတာကို အမွှေးနံ့သာရည်များ ပက်ဖျန်းစိုက်ထူခဲ့ကြသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



မန္တလေးဇုန်တွင် Youth Soccer Future အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ဟိုပုံးမြို့နယ်၌ ဖူဆယ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများကျင်းပ

**ဟိုပုံး ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖူဆယ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများကို ဖေဖော်ဝါရီ ၈ ရက်က စတင်ကျင်းပလျက်ရှိသည်။

ထိုသို့ ကျင်းပလျက်ရှိရာ ဖူဆယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ မြို့ဦးကွက်သစ်ရပ်ကွက်ရှိ ဖူဆယ်အားကစားကွင်းတွင်လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဝင်းအတွင်းရှိ ပိုက်ကျော်ခြင်းကွင်းတွင် လည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ သီရိမင်္ဂလာရွှေချမ်းသာမွေတော် ဘုရားရှေ့ရှိ ကျောက်တိုင်ကွင်းတွင်လည်းကောင်း ကျင်းပလျက်ရှိသည်။



အဆိုပါ ဖူဆယ်ပြိုင်ပွဲတွင် စုစုပေါင်း အသင်း ၁၁ သင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စုစုပေါင်း အသင်း ၁၀ သင်း၊ ဘော်လီဘောပြိုင်ပွဲတွင် စုစုပေါင်းအသင်း ခြောက်သင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

❖ MFF ယူ– ၁၅ မှ

Middle Shan State အသင်းတို့က အမှတ်မရသေးပေ။

မန္တလေးဇုန် ပွဲစဉ် (၂) အပြီးတွင် STNM အသင်းက ခြောက်မှတ်၊ ရွှေပေလိပ်အသင်းနှင့် Youth Soccer Future အသင်းတို့က လေးမှတ်စီ၊ Sparrow အသင်းက သုံးမှတ် ရထားပြီး စစ်ကိုင်းယူနိုက်တက်နှင့် အနီးစခန်းအသင်းတို့မှာမူ အမှတ်မရသေးပေ။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – MFF**

○ MNL ပြိုင်ပွဲမှ

လူစုံပါဝင်နိုင်ခြင်းမရှိပေ။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်သော်လည်း ဒုတိယပိုင်းအစတွင် အောင်ထွန်းထွန်းက သစ္စာအားမာန်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ၆၄ မိနစ်တွင် အမ်ဘာဂါက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး ၈၂၊ ၈၈ မိနစ်တွင် အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရခိုင်ယူနိုက်တက် တိုက်စစ်မှူး အမ်ဘာဂါက ရရှိသည်။ ယခုပွဲအပြီးတွင် သစ္စာအားမာန်အသင်းက ၁၉ ပွဲကစား ၁၇ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၉ ပွဲကစား ၁၀ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၉) စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**


### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အထက (ညောင်ကိုင်း) Grade–6 မှ မမေသက်အောင်၏ဖခင်အမည်မှာ ဦးနိုင်အောင်[၉/သစန(နိုင်)၁၁၀၂၄၈]ဖြစ်ပါကြောင်း။

### အများသိစေရန်

(၁) ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရန်ကုန်–ပုသိမ်ကားလမ်း၊ ကွင်းအမှတ်(၁၇၅–ဂ)၊ ဒိုက်ထူကွင်း၊ ဦးပိုင်အမှတ်(၁၈ဃ)၊ ဧရိယာ (၀.၃၅၂)ကေရှိ ဦးစောနိုင်[၁၄/ပသန(ဧည့်)၀၀၀၆၂၄]အမည်ပေါက်နေဆဲဖြစ်ပြီး (၁၄–၈–၂၀၁၂)ရက်စွဲဖြင့် ကန်ကြီးထောင့်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ချုပ်ဆိုထားသော မှတ်ပုံတင်စာချုပ်အမှတ်(၃/၂၀၁၂)အရ ပိုင်ဆိုင်ထားပြီး ဒေါ်သန်းသန်းအေး[၁၂/သဃက(နိုင်)၁၂၆၅၈၀]အမည်သို့ မပြောင်းလဲရသေးသော နှစ်(၃၀)စက်မှုမြေငှား ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်နှင့် ဆက်စပ်လျက်တည်ရှိသော ဦးပိုင်အမှတ်(၁၈က)မှ မျက်နှာ၀ (ပေ၅၀)နှင့် နောက်ဘက်သို့ (၁၂၁ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၁၇၅–က)၊ ဧရိယာ(၀.၁၆)ကေရှိ မြေကွက်

(၃) အမှတ်(၆)ရပ်ကွက်၊ ကွင်းအမှတ်(၁၇၅–င)၊ ဦးပိုင်အမှတ်(၂၄ခ)၊ ဧရိယာ(၁.၈၉)ကေရှိ မြေကွက်၊

(၄) ကွင်းအမှတ်(၁၇၅–က)၊ ညောင်ငူကွင်း၊ ဦးပိုင်အမှတ်(၂၄/၃)၊ ဧရိယာ(၀.၃၁)ကေရှိ မြေကွက်၊

(၅) ကွင်းအမှတ်(၁၇၅–က)၊ ညောင်ငူကွင်း၊ ဦးပိုင်အမှတ် (၂၄/၂)၊ ဧရိယာ(၄.၄၄)ကေရှိ မြေကွက်။(မှတ်ချက် – ဆန်စက်အနောက်ဘက်ရှိ မြေကွက်ဖြစ်ပါသည်။)

(၆) ကွင်းအမှတ်(၁၇၅–က)၊ ဒိုက်ထူကွင်း၊ ဦးပိုင်အမှတ်(၁၈/၃)၊ ဧရိယာ(၀.၂၀)ကေရှိ မြေကွက်၊

(၇) ကွင်းအမှတ်(၁၇၅–ဂ)၊ ဦးပိုင်အမှတ်(၁၈/၁)၊ ဧရိယာ(၀.၇၁၃)ကေရှိ မြေကွက်၊

(၈) ကွင်းအမှတ်(၁၇၅–က)၊ ဦးပိုင်အမှတ်(၂၄/၃)၊ ဧရိယာ(၀.၁၆)ကေရှိ မြေကွက်၊

(၉) ကွင်းအမှတ်(၁၇၅–က)၊ ညောင်ငူကွင်း၊ ဦးပိုင်အမှတ်(၁၇/၁)၊ ဧရိယာ(၄.၈၉)ကေရှိ မြေကွက်၊

(၁၀) မိချောင်းတရာ ကျေးရွာအုပ်စု၊ ရန်ကုန်–ပုသိမ်ကားလမ်း၊ ကွင်းအမှတ်(၁၈၆/က)၊ မိချောင်းတရာအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၉၃/၃)၊ ဧရိယာ(၂.၇၃)ကေရှိ မြေကွက်၊

အထက်ဖော်ပြပါ အမှတ်စဉ်(၁)ပါဂရန်မြေကွက်နှင့် အမှတ်စဉ်(၂)မှ (၁၀)အထိ(ယခင်)လယ်မြေကွက်များ၊ (ယခု)မြို့မြေအဖြစ် သတ်မှတ်ပြီး မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ဂိုဒေါင်အဆောက်အဦနှင့် လူနေအဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်သန်းသန်းအေး[၁၂/သဃက(နိုင်)၁၂၆၅၈၀]မှ မိမိဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဉာဏ်ထွန်း(ခ)ချန်ကြားချင်[၁၂/ကတတ(နိုင်)၀၃၀၁၃၆]မှ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအကွက်များနှင့် ပတ်သက်၍ မြေစီမံမှုများပြုလုပ်ခြင်း၊ ကျူးကျော် ဝင်ရောက်ခြင်းများမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေကြောင်းအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဉာဏ်ထွန်း(ခ)ချန်ကြားချင်၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မွန်မွန်ချို (LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**

**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသိဒ္ဓိ(၁)လမ်း၊ မြေကွက်အမှတ်(၄၅၀)၊ မြေအကျယ်(၄၃ပေ×၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်"နှင့်ပက်သက်၍ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါက "ကန့်ကွက်နိုင်ပါကြောင်း"

အထက်ပါအိမ်ခြံမြေ၏အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့မြေစာရင်းတွင် ရောင်းချသူကိုယ်တိုင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းနည်းလမ်းအရပ်ရပ်ဖြင့်လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့် ပက်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ယခုဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်းဝန်ခံကတိပြု၍ ရောင်းချသူ **ဒေါ်သန်းသန်းမြင့် (၁၂/ပဇတ(နိုင်)၀၀၅၈၉၄)**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေများကိုပေးချေထားပြီး ဖြစ်သဖြင့် ဤကြေငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွပိုင်ဆိုင်ခွင့်ရှိသူက လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်မှုမရှိပါကလွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဘက်သဘောတူညီချက်များ အတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေငြာအပ်ပါသည်။

**ဒေါ်ဇင်ဝင်းဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သက်ထားဆွေ** LL.B ,D.I.L ,Dip inEng
**အထက်တန်းရှေ့နေ (စဉ်–၅၂၈၉၉)**
09-972734996
**အမှတ်(၂၇/မြေညီ)၊မာလာမြိုင်(၇)လမ်း၊(၁၆)ရပ်ကွက်၊လှိုင်မြို့နယ်။**

### ပျောက်ဆုံးကြောင်း

(ဘ) ဦးမင်းဇော်ဦး၏ သမီး မပိုးအိဝင်း [၉/တကန(နိုင်)၂၂၀၉၂၅]၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၆၆၈၄၉၈၁၉၃**

### ပတ်စ်ပို့ပျောက်ဆုံးခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်နေ မခင်မို့မို့ထွန်း[၃/ကကရ(နိုင်)၁၅၅၃၀၈] (ဘ)ဦးသိန်းထွန်း ကိုင်ဆောင်သူ နိုင်ငံကူးလက်မှတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၆၁၇၂၃၁၈၇**

"ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၂၉)ရပ်ကွက်၊ပြည်ထောင်စုလမ်းမ၊ တိုက်အမှတ်(၄၂၂)၊(၂ခန်းတွဲ)(၆ထပ်)၏မြေညီထပ်(လမ်းမတိုက်ကိုမျက်နှာမူလျှင်ဘယ်ခြမ်း) ဧရိယာ(၁၉ပေ×၅၃ပေ)×အမြင့်(၁၇ပေ)ရှိမြေညီထပ်တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်"ကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ အများသိစေရန်အသိပေးကြေငြာခြင်း"

အထက်ဖော်ပြပါမြေညီတိုက်ခန်းတည်နေရာသည် ယခုရောင်းချသူကိုယ်တိုင်မြေရှင်အဖြစ်ပိုင်ဆိုင်၍ ကန်ထရိုက်တာနှင့် အခန်းပေးအခန်းယူစနစ်ဖြင့်ဆောက်လုပ်ခဲ့ပြီးနောက် ထိုစာချုပ်အရ ရောင်းချသူ ဦးသန်းထွန်း(၉/မကန(နိုင်)၀၅၈၈၆၄) ကိုယ်တိုင် အကျိုးခံစားခွင့်ရရှိထားသည့်တိုက်ခန်းဖြစ်ပါကြောင်း ပိုင်ဆိုင်မှုနှင့်ပက်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမျှ မရှိပါကြောင်း၊ ရောင်းချပိုင်ခွင့်သည်မိမိတစ်ဦးတည်းတွင်သာရှိကြောင်း၊ယခုအရောင်းအဝယ်ပြုလုပ်သူနှင့်လွဲ၍မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းမရှိကြောင်းဝန်ခံ၍ ရောင်းချခြင်းဖြစ်သဖြင့်ပိုင်ဆိုင်မှုနှင့်သက်ဆိုင်သောသူရှိပါက ဤကြေငြာပါသည့်နေ့မှ(၇)ရက်အတွင်းလူကိုယ်တိုင်မူရင်းအထောက်အထားများဖြင့်ကျွန်ုပ်ထံသို့လာရောက်တွေ့ဆုံကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိလျှင် အရောင်းအဝယ်ကို ဥပဒေနှင်ကအညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။**ဒေါ်ဇင်မင်းထိုက်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ် သက်ထားဆွေ** LL.B ,D.I.L ,Dip in Eng
**အထက်တန်းရှေ့နေ (စဉ်–၅၂၈၉၉)**
09-972734996, 09-881181988

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က+ခ)၊ မြေကွက်အမှတ်(၇၁၁)၊ လူနေရပ်ကွက်အမှတ်(၁၆)၊ မာလာမြိုင်(၃)လမ်း ပေါ်တွင် ဆောက်လုပ်ထားသည့်အမှတ်(၁၅)ဟု ခေါ်တွင်သော (၆)ထပ်တိုက် အဆောက်အဦး၏ပဉ္စမထပ်၊ အခန်းအကျယ်အဝန်း(၂၂ပေX၄၅ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုမြေပိုင်ရှင်နှင့်အခန်းပိုင်ရှင်ဖြစ်သူ**ဒေါ်တင်ပို[၁၂/လမန(နိုင်)၀၁၇၀၇၀]**မှ ခင်ပွန်းဖြစ်သူဦးစိန်သန်းကွယ်လွန်၍ငှင်းတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာသဖြင့်ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်ဇင်မာထွန်း[၁၂/လမန(နိုင်)၁၃၁၂၉၃]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့် အတူဤကြော်ငြာပါသည့် နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုမွန်**
**(စဉ်–၁၃၄၉၆) [တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.B.L,D.I.L,D.I.P.L,DL–101WIPO(Switzerland)]**
**အမှတ် – ၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၉၉၆၆၄၅၅၆၊ ၀၉–၅၀၄၉၁၇၄**

## မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဇ္ဈာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကဓရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်း လျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၁၀၀၀၀ဝိ/- | ပိတ်ရက်မရှိ လှူဒါန်းနိုင်ပါသည် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၂၀၀၀ဝိ/- | |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်-၅၀၀ဝိ/- | |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၇၅၀၀ဝိ/- | |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်-၁၅၀၀၀ဝိ/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ-နိ ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851

AYA Bank A/C 40020682989

A Bank A/C-0014010200009553

ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၀၁-၂၂၂၂၇၈၊ ၀၉-၄၄၃၁၉၇၉၉၅

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၁၃၁၀၂၃-ဦးဝင်းဆွေ

၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉-၇၉၅၇၉၅၇၉၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၁၀၇)ဟုခေါ်တွင်သည့်မြေကွက်ပေါ်တွင် အသစ်ဆောက်လုပ်မည့် ဂရိတ်အောင်မြင်သူ(ဆောက်လုပ်ရေး)ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ကန်ထရိုက်တာ အကျိုးခံစားခွင့်ရရှိမည့် တိုက်ခန်းများအနက် အကျယ် ၁၂ ပေခွဲ x ၄၇ ပေရှိ (၆)လွှာ၊ (တိုက်၏အရှေ့မှကြည့်သော် ခြေရင်းဘက်အခန်း)နှင့် အဆိုပါတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်သူ ကန်ထရိုက်တာ ဒေါ်ခင်မေသက်[၁၀/မလမ(နိုင်)၂၃၈၆၃၃]ထံမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဒေါ်ခင်ခင်အေး [၁၀/မလမ(နိုင်)၃၂၂၄၁၆]က ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူရန်အတွက် အဆိုပါတိုက်ခန်းတန်ဖိုးငွေ၏ (၅၀)ရာခိုင်နှုန်းအား ဂရိတ်အောင်မြင်သူ(ဆောက်လုပ်ရေး)ကုမ္ပဏီလီမိတက်ထံသို့ ပေးသွင်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါ(၆)လွှာ(ခြေရင်းဘက်အခန်း)တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်ခင်ခင်အေး** | **ဦးအောင်မျိုးခင်(LL.B)** |
| **[၁၀/မလမ(နိုင်)၃၂၂၄၁၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၁)** |
| | **ဖုန်း-၀၉-၂၅၄၁၉၄၉၃** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်လမ်း၊ အမှတ်(၄၀၈) ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် အသစ်ဆောက်လုပ်မည့် ဂရိတ်အောင်မြင်သူ(ဆောက်လုပ်ရေး)ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ကန်ထရိုက်တာ အကျိုးခံစားခွင့်ရရှိမည့် တိုက်ခန်းများအနက် အကျယ် ၁၂ ပေခွဲ x ၄၇ ပေရှိ (၄)လွှာ၊ (တိုက်၏အရှေ့မှကြည့်သော် ခေါင်းရင်းဘက်အခန်း)နှင့် အဆိုပါတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်သူ ကန်ထရိုက်တာ ဒေါ်ခင်မေသက်[၁၀/မလမ(နိုင်)၂၃၈၆၃၃]ထံမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဒေါ်ခင်ခင်အေး [၁၀/မလမ(နိုင်)၃၂၂၄၁၆]က ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းဝယ်ယူရန်အတွက် အဆိုပါတိုက်ခန်းတန်ဖိုးငွေ၏ (၉၀)ရာခိုင်နှုန်းအား ဂရိတ်အောင်မြင်သူ(ဆောက်လုပ်ရေး)ကုမ္ပဏီလီမိတက်ထံသို့ ပေးသွင်းထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါ(၄)လွှာ(ခေါင်းရင်းဘက်အခန်း) တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်ခင်ခင်အေး** | **ဦးအောင်မျိုးခင်(LL.B)** |
| **[၁၀/မလမ(နိုင်)၃၂၂၄၁၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၁)** |
| | **ဖုန်း-၀၉-၂၅၄၁၉၄၉၃** |

## အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့၊ နှစ်ကရင်ကျေးရွာအုပ်စု၊ နှစ်ကရင်ကျေးရွာ၊ (၁၁)ရပ်ကွက်၊ အမှတ်(၄၇)နေ ဦးစိုးသိန်း[၁၀/ရမန(နိုင်)၀၃၁၆၄၇] နှင့် ဒေါ်လှရီ[၁၀/လမန(နိုင်)၀၁၆၆၈၃]တို့၏ သမီးဖြစ်သူ မမိုးသင်းချို [၁၀/ရမန(နိုင်)၂၄၈၇၈၈]သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုအား နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားသည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိဘများနှင့်ပတ်သက်စပ်ဆိုင်ခြင်း လုံးဝမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးသိန်းနှင့်ဒေါ်လှရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည်သာကျော်မိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၃၅)**
**အမှတ်(၇၉)၊ မြေညီထပ်၊ (၃၈)လမ်း၊ အလယ်ဘလောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၄၇၄၀၄**

## မည်ပြောင်း

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့ အ.ထ.က (ဟံဂံ)၊ Grade-4 မှ (အဖ) ဦးမောင်ဝင်း [၁၀/ရမန(နိုင်)၁၁၈၃၅၀] ၏ သမီး မသုတမောင်အား မသျှင်သုတ အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသျှင်သုတအောင်**

## ပျောက်ဆုံးကြောင်း

ဦးကျော်စိုးလွင် (ပိုင်) Sea Lion(6) ၁၅၁၃၂ ရေယာဉ်၏ လုပ်ငန်းလိုင်စင်စာအုပ် အပိုင်း (၁+၂) တို့မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၂၀၆၆၉၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ညိုအောင် [၈/ခမန(နိုင်)၁၆၁၅၂၁] ၏ စက်ခန်းအုပ်လက်မှတ် IED-1. 0122/2017 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၂၀၆၆၉၃**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမြတ်ထွန်း၏သား မောင်ကိုကိုဇင် [၁၂/မရက(နိုင်)၁၄၂၈၃] ၏ နိုင်ငံကူးလက်မှတ် (MF-044210) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၀၆၉၅၆၀**

**STAR**

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

**09-43088052**
**09-260660405**
**09-421067330**

သွေးသည် အသက်

## ၉-၂-၂၀၂၅ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ-၂၉ တွင် ဖော်ပြထားသော ဒေါ်ခင်စန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်စန္ဒီအောင် (စဉ်-၁၀၉၁၂/၂၀၁၆) မှ ထည့်သွင်း ကြော်ငြာခြင်းနှင့်ပတ်သက်ပြီး အများသိစေရန် ပြန်လည်ကြော်ငြာခြင်း

အဆိုပါကြော်ငြာနှင့်ပတ်သက်ပြီး တရားလွှတ်တော်ရှေ့နေ ဦးအောင်လှသိန်း (စဉ်-၁၇၇၉/၇၉)အနေဖြင့် ဦးစူရတ်ကူးမား၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာထည့်သွင်းခြင်းဖြစ်ပြီး ၎င်းကြော်ငြာတွင်ပါရှိသော အကြောင်းအရာများမှာ လွှဲအပ်သူ၏ သဘောဆန္ဒအရ ထည့်သွင်းကြေညာခြင်းဖြစ်သဖြင့် (၉-၂-၂၀၂၅) ခုနှစ် ကြေးမုံသတင်းစာတွင် ဦးစူရတ်ကူးမားနှင့် တရားလွှတ်တော်ရှေ့နေ ဦးအောင်လှသိန်းခေါင်းစဉ်ဖြင့် ကြော်ငြာထည့်သွင်းထားခြင်းမှာ ဦးအောင်လှသိန်းအနေဖြင့် ဦးစူရတ်ကူးမား၏ လွှဲအပ်ညွှန်ကြားချက်အရ ထည့်သွင်းထားခြင်းအား ပြန်လည်ရုပ်သိမ်းပြီး တောင်းပန်ရန်ပါရှိလာသော အကြောင်းနှင့်ပတ်သက်၍ တရားလွှတ်တော်ရှေ့နေ ဦးအောင်လှသိန်းမှ ဦးစူရတ်ကူးမား၏ ညွှန်ကြားချက်အရ ထည့်သွင်းကြော်ငြာခြင်းအား ဦးအောင်လှသိန်းအနေဖြင့် လူကြီးမင်းတို့အား တောင်းပန်ရန် ထည့်သွင်းကြော်ငြာခြင်းကို (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ရုပ်သိမ်းခြင်းမရှိပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပန်ကြားအပ်ပါသည်။

**ဦးအောင်လှသိန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၉/၇၉)**
**ခြံအမှတ်(၂၅၄)၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ခင်စန်းဦးနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၈)လမ်း၊ အမှတ်(၈၉၁)နေ ဦးစူရတ်ကူးမား(ခ)ဦးကျော်ဇေယျ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ် (ယခင် ကန်ဘဲ့ပတ်တိန်းလမ်း)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅/ဘီ)၊ မြေကွက်အမှတ် (၁၅)၊ မူလမြေတိုင်းဧရိယာ (၀.၇၅၅)ဧက မြေပိုင်မြေနှင့်ပတ်သက်ပြီး အမွေဆိုင်(၁၂)ဦးအနက် (၁၀)ဦးမှ ဒေါ်ခင်လေးကြီးနှင့် ဒေါ်ခင်လေးငယ်သို့ တရားဝင်စာချုပ်စာတမ်း မှတ်ပုံတင်ပြီး စွန့်လွှတ်ခဲ့သဖြင့် ကျန်အမွေဆိုင် (၁၀)ဦးသည် အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါ။ ၎င်းမြေကွက်အား ဒေါ်ခင်လေးငယ်၏ အစ်မဖြစ်သူ ဒေါ်ခင်လေးကြီးမှာ အိမ်ထောင်မရှိ၊ အမွေစားအမွေခံပေးကမ်းထားခြင်းလည်းမရှိ၊ ဒေါ်ခင်လေးငယ်နှင့် အတူ ညီအစ်မနှစ်ဦးနေထိုင်ရာမှ ဒေါ်ခင်လေးကြီးမှာ ကွယ်လွန်သွားပြီးဖြစ်သည့်အတွက် အဆိုပါမြေကွက်အား ဒေါ်ခင်လေးငယ်တစ်ဦးတည်းသာ ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မသက်ဆိုင်တော့ပါ။

၂၀၂၅-ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်တွင် နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာ နှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား နိုင်ငံတော်မှ သိမ်းဆည်းထားခဲ့ပြီး ၂၀၁၂-ခုနှစ်တွင် မြေယာဥပဒေ၊ နည်းဥပဒေများ ထွက်ရှိပြီး မူလပိုင်ရှင်များမှ သိမ်းဆည်းမြေများအား ပြန်လည်လျှောက်ထားနိုင်ပြီး နိုင်ငံတော်မှ ပြန်လည်စွန့်လွှတ်မည်ဖြစ်ကြောင်း၊ အကယ်၍ နိုင်ငံတော်မှ အများပြည်သူအကျိုးငှာ အသုံးပြုရန်ရှိပါက ၎င်းမြေကွက်များအတွက် နစ်နာကြေးနှင့်လျော်ကြေးများကို ထိုက်သင့်သလိုဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပါရှိလာသည့်အတွက် ဒေါ်ခင်လေးငယ်အနေဖြင့် ၎င်းမြေကွက်အား ပြန်လည်လျှောက်ထားရန် အတွက် ဒေါ်ခင်စန်းဦးသို့ ပါဝါလွှဲပေးခဲ့ပါသည်။ ၎င်းပါဝါအားလည်း ဒေါ်ခင်လေးငယ်မှ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါသည်။

နိုင်ငံတော်မှ ပြန်လည်စွန့်လွှတ်ရာတွင် အခမ်းအနားဖြင့် မူလပိုင်ရှင်သို့ ဥပဒေနှင့်အညီ စွန့်လွှတ်ပေးအပ်ရာတွင်လည်း ဒေါ်ခင်လေးငယ် ကိုယ်စား ဒေါ်ခင်စန်းဦးနှင့် ဦးကျော်နိုင်စိုးမှ လက်ခံရယူခဲ့ပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်ပြီး ဒေါ်ခင်လေးငယ်မှာ ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်စွာဖြင့် နေဝင်ချိန်မရောက်မီ အလှူအတန်း ဒါနမျိုးစေ့ချ သွားစေလိုပါသည်။ ဒေါ်ခင်လေးငယ် သက်ရှိထင်ရှားရှိစဉ် ရုံးသွားနိုင်သည့် အတွက် ဒေါ်ခင်လေးငယ်မှ ဦးစူရတ်ကူးမား (ခ) ကျော်ဇေယျ၊ ဗုဒ္ဓဘာသာဝင် အား ကိတ္တိမမွေးစားသားသို့ အပြီးအပိုင် ပါဝါလွှဲအပ်ပြီးဖြစ်ပါသည်။ ဒေါ်ခင်လေးငယ်၏အသက်မှာ (၈၄)နှစ်ရှိပြီဖြစ်သဖြင့် ဒေါ်ခင်လေးငယ် အား ဒေါ်ခင်စန်းဦးမှ ၎င်းမြေကွက်ကို စွန့်လွှတ်လက်ခံပြီး မတော် လောဘစိတ်ဖြင့် ရန်ကုန်မြို့တော်စည်ပင်မြေယာဌာနမှ ဒေါ်ခင်စန်းဦး အမည်ဖြင့် မြေဂရန်ထုတ်ပေးထားကြောင်း ကြားသိရသဖြင့် ကမာရွတ် ခရိုင်တရားရုံးတွင် အမှုအမှတ်-၅၀/၂၀၂၄ အရ အမှုဖွင့် ကြားနာစစ်ဆေး လျက်ရှိပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်၍ နောက်တစ်ကြိမ် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခမရောက်စေရန် ပေးသင့်ပေးထိုက်သူများနှင့်ဒေါ်ခင်လေးငယ်၏ မွေးစားသားနှင့်အတူ ရန်ကုန်တိုင်းတရားလွှတ်တော်တွင် မြေဂရန် ပယ်ဖျက်ပေးရန်နှင့် တားဝရမ်းလျှောက်ထားပြီးဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သို့ တင်ပြတိုင်ကြားထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခုကြေညာထားသော အချက်အလက်များအရ ဥပဒေအတိုင်း ဆောင်ရွက်လျက်ရှိသဖြင့် ယခုအမှုနှင့်ပတ်သက်၍ အခြားသူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအောင်လှသိန်း** | **ဦးအောင်ပိုးဦး** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **စဉ်-၁၇၇၉/၇၉** | **စဉ်-၁၅၇၈၃** |

**အမှတ် (၂၅၄)၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၅၁၀၄၊ ၀၁-၃၆၄၄၀၈၇**

## အမည်ပြောင်းလဲခေါ်ပါရန်

Moon Private Primary School၊ Grade-1 ကျောင်းဝင်အမှတ်-၁၄၁၃ တွင် ပညာသင်ကြားနေသော မသွန်းနဒီအောင် (ဘ) ဦးစည်သူအောင်၏ သမီးဖြစ်သူအား ယနေ့မှစ၍ မယုဝါလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မယုဝါလွင်**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(တ/၄၁)၊ ပန်းခြံ(၁၇)၊ မြေကွက်အမှတ် (၂၀၉/ခ) ဟုခေါ်တွင်သော မြေအကျယ်အဝန်း(အလျား ၂၀ ပေx အနံ ၆၀ ပေ) ရှိ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ဦးငွေလွင်(K/RGN - ၀၀၉၄၇၈) အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းသူဇာ[၁၄/ဘကလ(နိုင်)၁၆၂၆၀၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးဝင်း[၇/ထတပ(နိုင်)၀၆၄၁၂၄]သည် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို (၈-၂-၂၀၂၅)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
